မြန်မာ့အလင်း

၁၂၉၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၃၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၃၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကလေးခရိုင်သည် လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးတို့၌ အချက်အချာကျ လမ်းသစ်များ ဖောက်လုပ်ခဲ့၍ မြို့ပြနှင့် ကျေးလက်ဒေသများပါ ပိုမိုဖွံ့ဖြိုးတိုးတက်

အောင်မြင်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း

နေပြည်တော် မေ ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်ငိုင်၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၇ ရက် နံနက်ပိုင်းတွင် ချင်းပြည်နယ် တီးတိန်မြို့နယ် ရှင်ဥတ္တမတောင် အရှေ့ဘက်ရှိ ဒေါ်လ်လွင်ကျေးရွာ လက်ဖက်စိုက်ခင်းများသို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိရာ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကပ်ခန့်ဇန်က ပတ်ဝန်းကျင် ကျေးရွာများ၌ ဒေသခံတိုင်းရင်းသားများ၏ လက်ဖက်စိုက်ခင်းများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားညွှန်ကြားဆောင်ရွက်ပေးကာ အဖွဲ့ဝင်များနှင့်အတူ ဒေသခံတောင်သူများ၏ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် လက်ဖက်စိုက်ခင်းများနှင့် တောင်သူများ လက်ဖက်ရွက် ဆွတ်ခူးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေါ်လ်လွင်ကျေးရွာ ရှင်းလင်းဆောင်၌ လက်ဖက်စိုက်တောင်သူများအားတွေ့ဆုံရာ ရှေးဦးစွာ ဒေသခံလက်ဖက်စိုက်တောင်သူ ဦးထောင်ခန့်ခွာလ်က ဒေသအတွင်း လက်ဖက် ၁၀၁၁ ဧက စိုက်ပျိုးပြီး ဧက ၃၁၀ ခူးဆွတ်နေမှု၊ လက်ဖက်စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးကွက်အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကပ်ခန့်ဇန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

လက်ဖက်စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တီးတိန်မြို့နယ် ဒေါ်လ်လွင်ကျေးရွာတွင် ဒေသခံတောင်သူများ၏ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မှတ်သားဖွယ်ရာ မိုးရေချိန်

၃၀-၅-၂၀၀၇

နေပြည်တော်	၀ ဒသမ ၇၁ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၁ ဒသမ ၈၁ လက်မ
သာယာဝတီ	၁ ဒသမ ၈၁ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၁ ဒသမ ၂၉ လက်မ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ခုနှစ်၊ မေလ၃၁ ရက်)

ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင် ဖြစ်ပေါ်လာစေရေး ပူးပေါင်းဆောင်ရွက်

၂၀၀၇ခုနှစ် မေလ၃၁ရက် **(ယနေ့)**သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဖြစ်သည်။ **"ဆေးလိပ်ငွေ့ ကင်းစင်ရေး၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေး"**ဟူ၍ ဦးတည်လှုံ့ဆော်ထားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၆ခုနှစ် မေလ ၄ ရက်နေ့တွင် ဥပဒေအမှတ်(၅/၂၀၀၆)ဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ တစ်နှစ်ပြည့်မြောက်သည့် ယခုနှစ် မေလ ၄ ရက်နေ့မှစ၍ အာဏာတည်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးခြင်း၏ အန္တရာယ်များကို ပြည်သူများ သိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေရန်အတွက် ပညာပေးခြင်း လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကို ပိုမိုသိရှိနားလည်လာကြသည့် အလျောက် ဆေးလိပ်သောက်သုံးမှု အရေအတွက် လျော့နည်းကျဆင်းလျက်ရှိသည်ကို တွေ့ရသည်။

စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်၊ ဆေးတံ သောက်ဆေးတို့သည် အငွေ့ထွက်သော ဆေးရွက်ကြီးထွက်ကုန်ပစ္စည်းများဖြစ်သည်။ ဆေးရွက်ကြီး ငုံခြင်း၊ ကွမ်းယာထဲတွင် ဆေးရွက်ကြီး၊ ဆေးပေါင်း၊ နှပ်ဆေး စသည်တို့ထည့်၍စားခြင်း၊ ဆေးရွက်ကြီးကို ရေစိမ်သောက်ခြင်းတို့သည် အငွေ့မထွက်သော ဆေးရွက်ကြီးထွက်ကုန်ပစ္စည်းများ ဖြစ်သည်။

သူတစ်ပါးသောက်သုံးသော ဆေးလိပ်ငွေ့ရှူရခြင်းကြောင့် ဖြစ်ပေါ်ရသော ကျန်းမာရေးဆိုးကျိုးများမှ ကာကွယ်နိုင်ရန်အတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ၌ ဆေးလိပ်သောက်ခွင့်မရှိသော နေရာများကို သတ်မှတ်ထားသည်။ ထို့အတွက် ဆေးလိပ်ငွေ့ကြောင့် ဖြစ်ပေါ်ရသော ကျန်းမာရေးထိခိုက်မှုအမျိုးမျိုးကို သိသာစွာ လျော့နည်းစေမည် ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနအားလုံးနှင့် လူမှုရေးအဖွဲ့အစည်းများက တိုင်းရင်းသားပြည်သူများအတွင်း ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးအတွက် ကျန်းမာရေးအသိဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျေးဇူးရှင် ဖခင်ကြီး တွန်းချူးကွမ်း (ခ) ဦးမောင်စိန်–ကျေးဇူးရှင်မိခင်ကြီး ဒေါ်စန်းရီ (၂)နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်ကုန်သည်လမ်း အမှတ် ၄၂၉ နေ သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တပညာသိရီလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ကြီးမှူး အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို မေ ၂၈ရက် မွန်းလွဲ ၁နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့်အိမ်တွင်းမှုနှင့် အိမ်တွင်းမှုလက်မှုလုပ်ငန်း(ကြိမ်/ဝါး)သင်တန်းတို့မှ သင်တန်းသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

မိတ်ဆက်ဟောပြော

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို မိတ်ဆက် ဟောပြောသည်။ **(အပေါ်ပုံ)**

ဟောပြော

ဆက်လက်၍ ပါမောက္ခဒေါက်တာ မေဝင်းအောင်ခင်က ခုခံအားကျဆင်းမှုကူးစက်ရောဂါအကြောင်း သိကောင်းစရာနှင့် သွားဘက်ဆိုင်ရာ ပါရဂူ ဒေါက်တာ ဒေါ်လှဒါနီချိန်က အခြေခံ သွားနှင့်ခံတွင်းအကြောင်းသိကောင်းစရာ တို့ကို ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ဟောပြောပွဲအပြီးတွင် သွားဘက်ဆိုင်ရာပါရဂူ ဒေါက်တာဒေါ်လှဒါနီချိန် မိသားစုက အခမ်းအနားသို့တက်ရောက်လာကြသော တိုင်းရင်းသူသင်တန်းသားများအား သွားတိုက်ဆေးနှင့်သွားပွတ်တံများ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၇ မိုင် ကုန်းမြင့်ရိပ်သာနေ ဒေါ်ခင်ဖြူဖြူ၏ မွေးနေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၃၁–၅–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	လျှပ်တစ်ပြက်
၆း၅၀	၁၅။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဤမှန်သော သစ္စာတရားကြောင့်** (အပိုင်း–၅)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း–၄၇)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ပဒေသာပင် အလှူရှင်များ ရေစက်ချပွဲကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပစ္စည်းလေးပါးဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်း ပြည်ပမှ ပဒေသာပင် အလှူရှင်များ၏ (၄၅)ကြိမ်မြောက် ရေစက်ချမင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုညှော်ခံပွဲအခမ်းအနားကို မေ ၂၇ရက် မွန်းလွဲ ၂ နာရီက အဆိုပါ ဆေးရုံကြီးရှိ ဝေဇယန္တာဆောင် ရှစ်ထပ်အဆောက်အအုံ အပေါ်ဆုံးထပ် ခန်းမဆောင်ကြီး၌ ကျင်းပသည်။

ရှင်းလင်းလျှောက်ထား

ရှေးဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ် မရမ်းကုန်းမြို့နယ် တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ ဥဘတောဝိဘင်္ဂရေ ဘဒ္ဒန္တကဝိဓဇထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးဘဉာဏ်က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

✻ ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသနေ တိုင်းရင်းသားပြည်သူများ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ဖက်စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိသည့် တီးတိန်မြို့နယ် ဒေါ်လ်လွင်ဒေသသည်လည်း လက်ဖက်ထွက်ကုန်များကို ဒေသနှင့် နီးစပ်ရာ မြို့ကြီးများသို့ ကုန်စည် ကူးသန်းရောင်းဝယ်နိုင်ရန် ဆက်သွယ်ရေးလမ်းများ တိုးတက်ကောင်းမွန်အောင် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ကြိုးကြပ်ပံ့ပိုးမှုဖြင့် ဒေသခံ ပြည်သူများက ဝိုင်းဝန်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် လက်ဖက်စက်ရုံ တည်ဆောက်ကာ လက်ဖက်လုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ လက်ဖက်အပြင် ဒေသဝမ်းစာဖူလုံရေးအတွက် စပါးနှင့် နှစ်ရှည်ပင်ထောပတ်၊ သရက်၊ ပိန္နဲ၊ တညင်းစသည်တို့ကို တိုးချဲ့စိုက်ပျိုးကြရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဒေါ်လ်လွင်ဒေသ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုနှင့် လက်ဖက်ခြောက်စက်ရုံ တည်ဆောက်ရေး၊ စပါးနှင့် အခြားသီးနှံများပါ စိုက်ပျိုးရေးအတွက် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်သွားမည့်အစီအစဉ်များကိုလည်းကောင်း၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ကျေးလက်ဒေသစိုက်ပျိုးရေးနှင့် လမ်းများပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ဌာနဆိုင်ရာများက ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ကျောင်းသုံးဗလာစာအုပ်များနှင့် ဆရာအတွက် ဝတ်စုံကို လိုင်လင်းပီ အခြေခံပညာ အလယ်တန်းကျောင်း (ဒေါ်လ်လွင်ကျေးရွာ) ကျောင်းအုပ်ကြီး ဦးတလာလိုင်းအား လည်းကောင်း၊ အားကစားပစ္စည်းများကို ဆွောင်ဒေါ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထောင်ခန့်ခွာလ်အားလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျေးရွာရှိ လက်ဖက်တောင်သူများ၏ လက်ဖက်ခြောက်လုပ်ကိုင်ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြပြီး ဒေါ်လ်လွင်ကျေးရွာ လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွာလ်ဇန်ကျေးရွာ၌ လက်ဖက်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူမိသားစုများ၏ လက်ဖက်ခြောက် ပြုလုပ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျေးရွာလမ်းဘေးဝဲယာနှင့် လမ်းတစ်လျှောက်၌ စိုက်ပျိုးထားသည့် လက်ဖက်စိုက်ခင်းများနှင့် မိသားစုများ၏ လက်ဖက်ခြောက် ပြုလုပ်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့သို့ ရောက်ရှိပြီး နယ်မြေခံတပ်၏ စိုက်ပျိုးမွေးမြူရေးခြံ၌ ဥစားကြက်နှင့် ငါးများ မွေးမြူထားရှိမှု၊ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြသည်။

ပျိုးထောင်ထားရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နယ်မြေခံတပ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး တင်ထွဋ်က ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးမှု၊ ပျိုးထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲသို့ တက်ရောက်၍ ကြက်ဆူပင်မျိုးစေ့နှင့် ကိုင်းပျိုးပင်များကို ပျိုးထောင်စိုက်ပျိုးပေးပြီး တပ်နယ်မိသားစုများ၏ မျိုးစေ့ချပျိုးထောင်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါနယ်မြေခံတပ်၌ ၂၀၀၇ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုမှာ ဧက ၁၀၀၉၁၊ ပျိုးထောင်ပြီးစီးမှုမှာ ၆၅၆ ဒသမ ၃၈ ဧကနှင့် ပျိုးစုဆောင်းပြီးစီးမှုမှာ ၇၈၈၉၆ ဧက ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ည ၇ နာရီတွင် ကလေးတပ်နယ်ခန်းမ၌ကလေးခရိုင်၊ တမူးခရိုင်နှင့် မော်လိုက်ခရိုင်တို့မှ ခရိုင်နှင့် မြို့နယ်အသင်းဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ကလေးခရိုင်သည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်အကြားတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးတို့၌ အချက်အချာကျသည့်ဒေသဖြစ်ကြောင်း၊ နိုင်ငံတော်က ကလေးခရိုင်တွင် တက္ကသိုလ်၊ ဆေးရုံ၊ လေဆိပ်နှင့် တံတားကြီးများကို တိုးချဲ့တည်ဆောက်ပေးခဲ့သည့်အပြင် ကလေး-ဂန့်ဂေါ-ပခုက္ကူ ရထားလမ်းနှင့် ကလေး-ကလေးဝ-မုံရွာကားလမ်း စသည့် လမ်းသစ်များကို ဖောက်လုပ်ပေး နိုင်ခဲ့ခြင်းကြောင့် မြို့ပြနှင့် ကျေးလက်ဒေသများပါ ပိုမို ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း၊ ဆန်စပါး အပါအဝင်ဒေသနှင့် ကိုက်ညီသည့်ရာသီသီးနှံများ၊ ထောပတ်၊ ပိန္နဲစသည့် နှစ်ရှည်ပင်များ၊ ရော်ဘာများ တိုးချဲ့ စိုက်ပျိုးရန်နှင့် ခြံစည်းရိုးကြက်ဆူပင်များကို လျာထားချက်ပြည့်မီကျော်လွန်အောင် အလေးထားစိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ ဒေသတွင်းတာဝန်ထမ်းဆောင်နေကြသည့် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ဌာနဆိုင်ရာများသည် အောင်မြင်တိုးတက်နေသော ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မပျက် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကလေးမြို့၌ ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံအကြား ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက် နည်းပညာများ အပြန်အလှန်ဖလှယ်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာလေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-တရုတ် နှစ်နိုင်ငံအစိုးရ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ကောင်စီ သတင်းထုတ်ပြန်ရေးရုံး၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာလေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပေကျင်းမြို့၌ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် တရုတ်ကွန်မြူနစ်ပါတီ Publicity Department ဌာနမှူး မစ္စတာ လျူယန်ရှန်းနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

လက်ဆောင်ပစ္စည်းပေးအပ်

မြန်မာလေ့လာရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၂၄ ရက် ညနေပိုင်းတွင် ပေကျင်းမြို့၌ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် တရုတ်ကွန်မြူနစ်ပါတီ Publicity Department ဌာနမှူး မစ္စတာ လျူယန်ရှန်းနှင့် တွေ့ဆုံ၍ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ပူးပေါင်း ဆောင်ရွက်ရေး၊ မီဒီယာလုပ်ငန်းများကို ယခုထက်ပိုမိုတိုးချဲ့ လုပ်ကိုင်နိုင်ရေးကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

သဘောတူညီမှုရရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးရုံး (State Council Information Office) မှ Minister မစ္စတာချိုက်ဂူက မြန်မာလေ့လာရေး ကိုယ်စားလှယ်အဖွဲ့အား မေ ၂၃ ရက် မွန်းလွဲပိုင်းတွင် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် နည်းပညာများ အပြန်အလှန် ဖလှယ်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေး၍ သဘောတူညီမှုများ ရရှိခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သော မြန်မာလေ့လာရေး ကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးရုံးမှ Minister မစ္စတာချိုက်ဂူ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုညစာ

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၂ ရက် ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သတင်းပြန်ကြားရေးရုံး (State Council Information Office) မှ Vice Minister မစ္စတာချိုက်မင်ကျောက်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံမီဒီယာလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြပြီး မစ္စတာချိုက်မင်ကျောက်က ဂုဏ်ပြု ညစာဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၇

(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	(၂၄)ပစ္စည်းပဋ္ဌာန်း ဒေသနာတရားတော် (အပိုင်း-၉) (ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်)
၇း၅၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ်
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၅	Activities in The City
၉း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	MRTV-4 ကျန်းမာရေးကဏ္ဍ (နှလုံးသွေးကြောရောဂါအကြောင်း သိကောင်းစရာများ) (အပိုင်း-၃) (ပါမောက္ခဒေါက်တာခင်မေစန်းနှင့် တွေ့ဆုံခြင်း) "နှလုံးသွေးကြောကျဉ်းရောဂါ အကြောင်း သိကောင်းစရာ"
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	အသွင်သစ်ကွန်ကရစ် တည်ဆောက်မှုရင်းမြစ်
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	ပြည်တွင်းအနုပညာရေးရာ
၁၁း၀၀	မိုးလေဝသခန့်မှန်းချက်
၁၁း၀၅	နူးညံ့လှပနန်းတွင်းယိမ်းအက
၁၁း၁၀	အားမာန်ဝင့်ချီအားကစားဟော်ကီ
၁၁း၃၀	ဆေးလိပ်ကင်းကွာအနုပညာကမ္ဘာ (အနုပညာရှင်များ)
၁၁း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	Yangon Panorama (မြန်မာနိုင်ငံကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ-၂၀၀၇)
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	**သတင်းကောင်း** (သျှားညို၊ ဆုပန်ထွာ၊ ပွင့်)
၁၂း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင် အထွက်နှုန်း"
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်အားနည်း မြေငလျင်လှုပ်

နေပြည်တော် မေ ၃၀

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၂၃ မိနစ် ၅၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက် ၁၂၅ မိုင်ခန့်အကွာ တောင်ကြီးမြို့အနီး ပြည်တွင်းတစ်နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက တိုင်းထွာရရှိသည်။

(သတင်းစဉ်)

ပညာသင်နှစ်သစ်ကို ကြိုဆိုခြင်း

လင်း(ပညာရေး)

၂၀၀၁ခုနှစ် မေလတွင်ကျင်းပခဲ့သော အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးနှီးနှောဖလှယ်ပွဲများ၌ အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ရေးဆွဲအတည်ပြုခဲ့ကြပြီး ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

အမျိုးသား ပညာရည်မြင့်မားရေးကို အကောင်အထည်ဖော်ရာတွင် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေး မြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ လေးစားလိုက်နာရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင့်သန်ခိုင်မာရေးတို့ကို အထူးအလေးပေး ဆောင်ရွက်ခဲ့သည်။

အနှစ် ၃၀နှစ်ရှည်စီမံကိန်း၏ အခြေခံပညာကဏ္ဍ ပထမနှစ်တို ငါးနှစ်စီမံကိန်းကာလအတွင်း ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးလုပ်ငန်းများကို ပညာရေးစေတနာရှင်များ၊ မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ပညာသင်နှစ်အတွင်း ကျောင်းပျက်ကွက်မှု လျော့နည်းပပျောက်ရေးနှင့် အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်သည်အထိ အတန်းစဉ် တက်ရောက်သင်ယူနိုင်ရေးအတွက် ကျောင်းနေမြဲရေးအစီအစဉ်များကိုချမှတ်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် မူလတန်းလွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် အလယ်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနှုန်း မြင့်မားစေခဲ့သည်။ သင်ကြားရေးတွင် စဉ်ဆက်မပြတ် အကဲဖြတ်၍ အတန်းတင်ပေးသည့်စနစ်ကို ကျင့်သုံးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု ပိုမိုထိရောက်စေခဲ့သည်။

ကျောင်းတွင်းစီမံခန့်ခွဲမှုလုပ်ငန်းများ သွက်လက်ထက်မြက်စေရေးအတွက်လည်း အခြေခံပညာကျောင်းများ၊ ရုံးများ၏ စီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်ရေး သင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးပြီး စီမံခန့်ခွဲရေးလုပ်ငန်းများ သင်ကြားသင်ယူမှု စစ်ဆေးတိုင်းတာရေး လုပ်ငန်းများကို ပိုမိုထိရောက်စေရန် ဆောင်ရွက်နိုင်ခဲ့သည်။

အခြေခံပညာကဏ္ဍ ပထမနှစ်တို ငါးနှစ်စီမံကိန်းကို မျှော်မှန်းချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယနှစ်တိုငါးနှစ်စီမံကိန်း လုပ်ငန်းစဉ်များကို နိုင်ငံတော်၏ စတုတ္ထကာလတိုငါးနှစ်စီမံကိန်း ဦးတည်ချက်များဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ စီမံကိန်းများအတွင်း ထောင်စုနှစ် ရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင်ဆောင်ရွက်ရေးဟူသည့် ဦးတည်ချက်များနှင့် ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၀၅ခုနှစ် ဒီဇင်ဘာလက နိုင်ငံတော်အကြီးအကဲ၏ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်များအတွင်း ပညာရေး အရည်အသွေးမြင့်မားရေးနှင့် နိုင်ငံတကာအဆင့်မီရေး မှာကြားချက်များနှင့်အညီ ၂၀၀၆ ခုနှစ် ဧပြီလတွင် အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေးဆွဲရေး ဆွေးနွေးပွဲများ ကျင်းပပြီး အထက်တန်းအဆင့် ဘာသာရပ်အလိုက် သင်ရိုးမာတိကာနှင့် သင်ခန်းစာများကို ပြုပြင်ရေးဆွဲပြီးဖြစ်သည်။ ၂၀၀၆-၂၀၀၇ပညာသင်နှစ်တွင် ကျောင်းနေနှုန်း မြင့်မားလာသည်နှင့်အမျှ အတန်းကူးပြောင်းသင်ယူမှုနှုန်းလည်း တိုးတက်မြင့်မားလာခဲ့သည်။ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာသင်ယူခွင့် အခွင့်အရေးပိုမိုရရှိလာသကဲ့သို့ သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရေးနှင့် ကျောင်းဥပဓိရုပ်သွင်ပြင်လက္ခဏာ တိုးတက်ကောင်းမွန်ရေးအတွက် ပညာရေး အရည်အသွေးပိုင်းဆိုင်ရာ သတ်မှတ်ချက် (၇)ချက်၊ အသွင်သဏ္ဌာန်ဆိုင်ရာ သတ်မှတ်ချက်(၅)ချက် စုစုပေါင်း(၁၂)ချက် သတ်မှတ်ပေးပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများက သုံးလတစ်ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထိုကဲ့သို့ စိစစ်ကြပ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အတွက် ကျောင်းလုပ်ငန်း ဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်လာခဲ့သည်။

ပညာရေး အရည်အသွေးမြင့်မားရေးတွင် သင်ရိုးညွှန်းတမ်းနှင့် ဆရာသည် ခွဲခြား၍မရပေ။ သင်ရိုးညွှန်းတမ်းသည် ပညာရေးစနစ်၏ ကျောရိုးမဏ္ဍိုင်ဖြစ်သည်။ ဆရာသည် သင်ရိုးညွှန်းတမ်းကို အကောင်အထည်ဖော်သူဖြစ်ရာ အဓိကကျသော အခန်းက ပါဝင်လျက်ရှိသည်။ သင်ရိုးညွှန်းတမ်းများ မည်မျှပင်ကောင်းစေကာမူ ဆရာ၏ အရည်အသွေး နိမ့်ကျနေလျှင် အောင်မြင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဆရာ၏အရည်အသွေးမြင့်မားရေးသည် လိုအပ်ချက်တစ်ခုဖြစ်လာသည်။

သို့ဖြစ်၍ အခြေခံပညာအထက်တန်းအဆင့်တွင် ဘာသာရပ်ပညာအရည်အချင်းမြင့်မားသူများ ဖြည့်ဆည်း၍ ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးနိုင်ရန် ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် ပညာရေးနည်းပညာအထူးသင်တန်း အမှတ်စဉ်(၁)ကို ရန်ကုန်နှင့် မန္တလေး ပညာရေးတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချခဲ့သည်။ ထိုသင်တန်းမှ သင်တန်းဆင်း ၁၂၈၀ ကို ဘာသာရပ်နှင့် ကိုက်ညီသော အထက်တန်းပြ ရာထူးနေရာများတွင် ခန့်ထားပေးနိုင်ခဲ့သည်။ ၂၀၀၇-၂၀၀၈ ပညာသင် နှစ်အမီ ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပညာရေးနည်းပညာ အထူးသင်တန်း အမှတ်စဉ်(၂)ကို ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ပြီး သင်တန်းဆင်း ၁၁၇၅ ဦးကို အထက်တန်းပြရာထူးနေရာများတွင် ဖြည့်ဆည်းခန့်ထားပေးပြီးဖြစ်သည်။

မြို့ပေါ်ကျောင်းများနှင့် ကျေးလက်ဒေသကျောင်းများ၏ လေ့ကျင့်သင်ကြားမှု အရည်အသွေးနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးကွာဟချက် ကျဉ်းမြောင်းပပျောက်ရေးအတွက် အခြေခံပညာကျောင်းများတွင် သင်ကြားပြသပေးလျက်ရှိသည့် အထက်တန်းအဆင့် ဘာသာပြဆရာများ၏ သင်ကြားမှုအရည်အသွေးမြင့်မားစေရန် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာများ မွမ်းမံသင်တန်းကို ၂၀၀၆ ခုနှစ် မေလတွင် တက္ကသိုလ် ဒီဂရီကောလိပ် ၃၀ တွင် ဖွင့်လှစ်လေ့ကျင့်ပေးခဲ့သည်။ သင်တန်းသို့ အခြေခံပညာအထက်တန်းအဆင့် ဘာသာပြ ဆရာ၊ ဆရာမ ၆၈၅၇ ဦး တက်ရောက်ခဲ့သည်။ အခြေခံပညာကျောင်းအလိုက် ဆင့်ပွားသင်တန်းများကိုလည်း ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ခဲ့သည်။

ယခုအခါ အခြေခံပညာအထက်တန်းအဆင့် ဘာသာပြဆရာများ မွမ်းမံသင်တန်းများကို မတ်လ ၂၈ရက်မှ မေလ ၂၅ရက်အထိ တက္ကသိုလ် ဒီဂရီကောလိပ် ၃၁ ခုတွင် ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းနှင့် စီးပွားရေးတက္ကသိုလ်သုံးခုတွင် ဘောဂဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းကို တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခဲ့ရာ ဆရာ၊ ဆရာမ ၅၅၀၃ ဦး တက်ရောက်ခဲ့ကြသည်။ ဘာသာပြဆရာများ မွမ်းမံသင်တန်းသည် လုပ်ငန်းခွင် အတွေ့အကြုံရှိပြီး အထက်တန်းအဆင့် ဘာသာပြဆရာ၊ ဆရာမများ၏ သင်ကြားမှု အတွေ့အကြုံများ၊ သင်ပြနည်းများနှင့် တက္ကသိုလ်တွင် သင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ၏ ဘာသာရပ် ကျွမ်းကျင်မှုတို့ကို နှီးနှောဖလှယ်ခြင်း၊ ပေါင်းစပ်ခြင်းပင်ဖြစ်သည်။ အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍဟူ၍ မခွဲခြားဘဲ ပညာရေးမိသားစုဝင် ဆရာ၊ ဆရာမ အချင်းချင်း အတွေ့အကြုံဗဟုသုတများ ပေါင်းစပ်ကာ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုစွမ်းရည် မြင့်မားလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြခြင်းဖြစ်သည်။

အမျိုးသားပညာရည်မြင့်မားရေးတွင် မူလတန်းပညာပြီးမြောက်ရေး၊ အရည်အသွေးပြည့်ဝရေးသည်လည်း အဓိကကဏ္ဍမှ ပါဝင်လျက်ရှိရာ မူလတန်းသင် ဆရာများ၏ အရည်အသွေးမြင့်မားရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် အခြေခံပညာအထက်တန်းအဆင့်သာမက အလယ်တန်းနှင့် မူလတန်းသင် ဆရာများ သင်ကြားရေးမွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးကောလိပ်များတွင် ဗဟိုအဆင့်နည်းပြသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့သည်။

ထို့ပြင် ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ မြို့ကြီး ၃၁၉ မြို့တွင် မူလတန်းသင်ဆရာများ သင်ကြားရေးမွမ်းမံသင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးခဲ့သည်။ အလယ်တန်းအဆင့် ဆရာများ မွမ်းမံသင်တန်းများကို မေ ၂ ရက်မှ ၂၉ ရက်အထိ ခရိုင်ရုံးစိုက်ရာ မြို့ကြီး ၅၇ မြို့တွင် ဖွင့်လှစ်ပို့ချပေးခဲ့သည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၁) ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌-

နိုင်ငံတော်အကြီးအကဲ ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များအနက် ဆရာ၊ ဆရာမများ၏ သင်ကြားမှု အရည်အသွေး ထက်မြက်စေရေးနှင့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းစဉ်များသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ပြည့်ဝထက်မြက်စေရေးအတွက် အခြေခံပညာ အဆင့်အလိုက် သင်ကြားမှုဆိုင်ရာ မွမ်းမံသင်တန်းများ၊ ဘာသာရပ်အလိုက် ပညာရပ်ဆိုင်ရာ သင်ကြားမှု မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသကဲ့သို့ အထက်တန်းပညာအဆင့်၌ ဘာသာရပ်အလိုက် သက်ဆိုင်ရာဘွဲ့ရ ဆရာ၊ ဆရာမများဖြင့်သာ သင်ကြားနိုင်စေရေးနှင့် ဂုဏ်ထူးတန်းဘွဲ့နှင့် မဟာဘွဲ့ရ ဆရာ၊ ဆရာမများဖြင့် အားဖြည့်သင်ကြား နိုင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ ဘဝရှေ့ရေး မျှော်မှန်းချက်များ၊ လိုလားချက်များ၊ တန်ဖိုးထားမှုများ၊ အလားအလာများကို သိမြင်ပြီး နိုင်ငံ့လိုအပ်ချက်များနှင့် သဟဇာတဖြစ်အောင် ပေါင်းစည်းပေးရင်း နိုင်ငံ့အကျိုးပြုအဖိုးတန် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်လာအောင်၊ ပညာရည်အရည်အသွေး မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရအောင် စေတနာရှေ့ထား လေ့ကျင့်ပျိုးထောင်ပေးကြပါ’ဟု တိုက်တွန်းမှာကြားခဲ့သည်။

မကြာမီ ရောက်ရှိလာတော့မည့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် **နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍ ပညာရေးမိသားစုဝင် စွမ်းအားရှင်တို့ပေါင်းစည်းကာ နိုင်ငံတော်က အားထားရမည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍမှ ပီပြင်အောင်မြင်စွာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရင်း ပညာသင်နှစ်သစ်ကို ကြိုဆိုလိုက်ရပါသည်။** ။

နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍ ပညာရေးမိသားစုဝင် စွမ်းအားရှင်တို့ ပေါင်းစည်းကာ နိုင်ငံတော်က အားထားရမည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍမှ ပီပြင်အောင်မြင်စွာ ကြိုးပမ်း အကောင်အထည်ဖော်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် စီးပွားရေးလုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။ (အကောက်ခွန်)

သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်စေရေးအလေးထား ချိုသာပြေပြစ်သောဆက်ဆံရေးနှင့် ပြည်သူကိုအလုပ်အကျွေးပြု ရုံးတွင်း ရုံးပြင်သန့်ရှင်းသပ်ရပ်စေရေး ဂရုပြုဆောင်ရွက်

နေပြည်တော် မေ ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၃ ရက် မွန်းလွဲပိုင်းက မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေး၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားရေး၊ ဈေးကွက်ဖြစ်တည်လာရေး၊ ကုန်သွယ်ရေးဇုန်တွင် လုံခြုံမှုရှိစေရန် စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှာကြားကြသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးများသည် မေ ၂၄ ရက်တွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် ထပ်မံတွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကုန်သွယ်ရေးဇုန် အတွင်းရှိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လုံခြုံရေးဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

မှာကြား

ထို့နောက်ဒုတိယဝန်ကြီးဗိုလ်မှူးကြီး လှသိန်းဆွေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ၂၅ ရက်တွင် လားရှိုး၊ သီပေါ၊ နောင်ချို မြို့များရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အကောက်ခွန် ဦးစီးဌာနရုံးများသို့ ရောက်ရှိစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ခံအရာရှိများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက သတ်မှတ်ထားသည့် လျာထားချက်များ ပြည့်မီကျော်လွန်စေရေး အလေးထားဆောင်ရွက်ကြရန်၊ ချိုသာပြေပြစ်သော ဆက်ဆံရေးနှင့် ပြည်သူကို အလုပ်အကျွေးပြုရန်လိုအပ်ကြောင်းနှင့် ရုံးတွင်း ရုံးပြင် သန့်ရှင်းသပ်ရပ်စေရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကြီးမှူး အခြေခံစည်းရုံးရေး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၈)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကင်းမြို့နယ် အမှတ် (၁၂)ရပ်ကွက် သာသနာ့ရောင်ခြည်ဓမ္မာရုံတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူးဦးသာဝင်း၊ အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်အလုပ်အမှုဆောင် (ရန်ကင်းမြို့နယ်တာဝန်ခံ) ဦးအောင်ကျော်မိုး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စန်းစန်းအေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တိုင်းတွဲဖက်အတွင်းရေးမှူးဦးသာဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး **(အောက်ပုံ)** သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ကြောင်း သိရသည်။

(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) စာရေးဝန်ထမ်းကြီးကြပ်မှုသင်တန်းနှင့် အခြေခံသင်တန်းများဖွင့်

ရန်ကုန် မေ ၃၀

စာရေးဝန်ထမ်း ကြီးကြပ်မှုသင်တန်း အမှတ်စဉ်(၇၁)နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ်(၁၂၄) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီခွဲက ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ်ဦးဝင်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် စာရေးဝန်ထမ်းကြီးကြပ်မှု သင်တန်းအမှတ်စဉ်(၇၁)မှ သင်တန်းသား၁၁ဦး၊ သင်တန်းသူ၃၆ဦး၊ စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၂၄)မှ သင်တန်းသား၅၄ဦး သင်တန်းသူ၁၄၄ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မဒေါက်မြို့နေ ဦးစိုးဝင်းနှင့် သား၊ သမီး၊ မြေးများက ဇနီး ဒေါ်စန်းအား ရည်စူး၍ မေ ၁၈ရက်က ညောင်လေးပင်မြို့ သံဃာ့ဆေးရုံသို့ ထာဝရဆေး ငွေပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းစဉ်။ (က-ပ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့ စုပေါင်းရဟန်းခံရှင်ပြု

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကံလှိုင်နှင့် ဇနီး ဒေါ်သန်းသန်းလှဲ့တို့ ကြီးမှူးကျင်းပသော ပထမအကြိမ်မြောက် တပ်ဖွဲ့ဝင် မိသားစုများ စုပေါင်းရဟန်းခံ၊ ရှင်ပြုပွဲကို မေ ၁၃ရက်က လားရှိုးမြို့ မြို့လယ်ကျောင်းတိုက်တွင် ကျင်းပသည်။ စုပေါင်း ရဟန်းခံ၊ ရှင်ပြုပွဲတွင် ဒုလ္လဘရဟန်း ၂၉ပါး၊ ရှင်သာမဏေ ၁၉ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းပေးခဲ့ပြီး အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား နှင့် မိသားစုဝင်များက လှူဖွယ်ဝတ္ထု ပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (က-ပ)

ကျောင်းသား၊ ကျောင်းသူများအား စာအုပ်များလှူဒါန်း

၂၀၀၇-၂၀၀၈ပညာသင်နှစ် ချို့တဲ့ကျောင်းသား၊ ကျောင်းသူများ အတွက် ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းပွဲနှင့် ကျေးရွာစာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲကို မေ ၂၈ရက်က ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က ကျောင်းသုံးစာအုပ်များကို ကျောင်းအုပ်ဆရာကြီးထံသို့လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က သုတ၊ ရသစာအုပ်များကို နှမ်းခါးကျေးရွာ ဖူးပွင့်ဝေစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌထံသို့လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာချင်းဆက်လမ်း ပြီးစီးရေးဆောင်ရွက်

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ကျေးရွာချင်းဆက် လမ်းတံတားများ ပြုပြင်တည်ဆောက်ရေး စီမံချက်အရ ကျောက်ကြီးမြို့နယ် အင်းနက်ကျေးရွာနှင့် ထိုက်ထူမြေကျေးရွာသွား လမ်းခင်းခြင်းလုပ်ငန်းကို မေ ၅ရက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြေသားလမ်းခင်းခြင်းလုပ်ငန်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကိုကိုလေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးသိန်းဇော်ဦးတို့က ကွင်းဆင်းကြီးကြပ်ပြီး မြေသားလမ်းစံချိန်စံညွှန်းမီ ခင်းနိုင်ရေးနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ **(၂၁၁)**

မြန်မာ့အလင်း ပြည်တွင်း သတင်း အတိုအထွာ

သုတပန်းခင်းစာကြည့်တိုက် ပျဉ်းမနား၌ဖွင့်

ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ပန်းခင်းရပ်ရှိ သုတပန်းခင်း စာကြည့်တိုက်ဖွင့်ပွဲကို မေ ၂၁ရက် နံနက် ၉နာရီက ဇေယျာသီရိဓမ္မာရုံတွင် ကျင်းပရာ စာကြည့်တိုက် အဆောက်အအုံအား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးခင်မောင်ဌေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးလင်းတို့က အမှာစကားပြောကြားကြပြီး စာကြည့်တိုက်ကော်မတီ နာယကဒုတိယ ဗိုလ်မှူးကြီးသန်းဆွေ(ငြိမ်း)က ကျေးဇူးတင် စကားပြောကြားသည်။ ထို့နောက် အလှူရှင်များက စာအုပ်စာစောင်များနှင့် အလှူငွေများကို လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ (ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ကြက်ခြေနီနေ့နှင့် ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်း

ဇန်းမော်ခရိုင် မိုးမောက်မြို့နယ် ကမ္ဘာ့ကြက်ခြေနီနေ့နှင့် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း(အခြေခံအဆင့်) သင်တန်းအမှတ်စဉ်(၁/၂၀၀၇)ဆင်းပွဲအခမ်းအနားကို မေ ၈ရက် မွန်းလွဲ၁နာရီခွဲက အထက ပညာရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းစိုး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမိုးမိုးမင်းက ကမ္ဘာ့ကြက်ခြေနီနေ့အကြောင်းကို ဟောပြောဆွေးနွေးသည်။ ထို့နောက် ရာသက်ပန်အသင်းဝင်အဆိုပြုလွှာ ၂၂၅စောင် ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ကြသည်။ ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အဆို၊ အက၊ အရေး၊ အတီးသင်တန်း မုံရွာ၌ ဖွင့်

မုံရွာမြို့ နွေရာသီ အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်ပွဲကို မေ၃ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် မုံရွာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးမြင့်လွင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးကြီးစိန်မြက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အဆို၊ အက၊ အရေး၊ အတီး လုပ်ငန်းဆပ်ကော်မတီ ခေါင်းဆောင်များက ဘာသာရပ်အလိုက် သင်ကြားရေးနှင့်ပတ်သက်သော စီစဉ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ အဆိုပါ အဆို၊ အက၊ အရေး၊ အတီးသင်တန်းမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်ရှိ အနန္တဂုဏ်ရည်လမ်းသို့ရောက်ရှိရာ တာဝန်ရှိသူများက မေတ္တာညွန့်ရပ်ကွက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်း တူးဖော်ဖောက်လုပ်နေမှု၊ အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ဒဂုံလွင်လမ်းဖြတ်မြေအောက် ရေနုတ်မြောင်းများ ပြုလုပ်နေမှုတို့ကို လိုက်လံရှင်းလင်းပြသကြရာ မြို့တော်ဝန်က လိုအပ်သည်များကို မှာကြားပြီး ရေနုတ်မြောင်းများနှင့် ရေစီးရေလာအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၃)ရပ်ကွက်ရှိ အင်ကြင်းမြိုင် လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လိုအပ်သည်များကို မှာကြားသည်။

ယန္တရားများဖြင့် အကြီးစားပြုပြင် ထိန်းသိမ်းနေမှု**(အောက်ပုံ)**၊ မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်၌ မိုးရာသီတွင်

လမ်းသို့သွားရောက်ပြီး သုဝဏ္ဏ (၂၃) ရပ်ကွက်ရှိ ရေနုတ်မြောင်းများ၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အင်ကြင်းမြိုင် လမ်းဝဲယာ၌ လမ်းဖြတ်မြေအောက် ရေနုတ်မြောင်းများ ပြု

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သံသုမာလမ်း ရေရှည်တည်တံ့ ကောင်းမွန်စေရေးနှင့် ယာဉ်သွားလာမှုလွယ်ကူ ချောမွေ့စေရေးတို့အတွက် သံသုမာလမ်းကို စက်

ငမိုးရိပ်ချောင်းမှ ရေလျှံမှုမရှိစေရေးအတွက် မြေသားတမံတည်ဆောက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာ သ နာ ပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် ၅၅ စီ တေးနယဉ် လမ်း ၇ မိုင်ခွဲနှင့် ၁၀၂၊ ပတ္တမြားလမ်း လှည်းတန်းမှ မိခင်ကြီး ဒေါ်သန်းသန်းအားရည်စူး၍ ဦးရန်နိုင်-ဒေါ်အေးအေးသန်း မိသားစုနှင့် ဦးထွန်းထွန်း-ဒေါ်မင်းမင်းအေး၊ သမီး ကြာညိုသင်း၊ နွယ်ဦးမွန် မိသားစုတို့က အလှူငွေကျပ် ၁၃၈၀၀၀ ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၇ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

၂၀၀၇ ခုနှစ်၊ မေလ (၃၁) ရက်

World No-Tobacco Day 2007

31 May 2007

Smoke Free Environments

ဆေးလိပ်ငွေ့ကင်းစင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။

ကျန်းမာရေးဝန်ကြီးဌာန

STI Education အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၃၀

STI Education သည် ဆရာဖြစ်ဒီပလိုမာသင်တန်း၊ စီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း၊ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှုသင်တန်း၊ Logistics စီမံခန့်ခွဲမှုသင်တန်းနှင့် အင်္ဂလိပ်ဘာသာသင်တန်းများကို နိုင်ငံခြား တက္ကသိုလ်များနှင့် ပူးပေါင်း၍ သင်ကြားပို့ချလျက်ရှိသည်။ ထို့အပြင် STI Educationက ကြီးမှူး၍ ပြည်တွင်း၊ ပြည်ပဝါရင့် ဆရာများက အလုပ်ရုံဆွေးနွေးပွဲများကို လစဉ်ကျင်းပလျက်ရှိသည်။ **(အောက်ပုံ)**

STI Educationက ကြီးမှူး၍ ဇွန် ၂ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အဆောက်အအုံ Conference Hall ၌ ပါမောက္ခ ဒေါ်လှမြင့်(ငြိမ်း)က မန်နေဂျာကောင်းတစ်ယောက်၏ ဦးဆောင်မှုစွမ်းရည် (Art of the Boss.....Take the Lead)၊ Double Diploma in Supply Chain Management နှင့် Logistics Managementကိုလည်းကောင်း၊ သင်တန်းဆရာမ Ms. Natalia Talikowskiက ပုံမှန်စာဖတ်နှုန်းထက် ပိုမိုမြန်ဆန်အောင် စာဖတ်နည်း (How to Inspire your English Communication Skills)နှင့် ထူးခြားအောင်မြင်ထင်ရှားသည့် ဆရာတစ်ယောက်ဖြစ်လာရန် (Inspiring your Teaching Career)ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။ ထို့အပြင် အင်္ဂလိပ်ဘာသာ ဆရာဖြစ်ဒီပလိုမာသင်တန်း (Diploma in TESOL)အကြောင်းကိုလည်း ဟောပြောမည်ဖြစ်သည်။

မန်နေဂျာကောင်း တစ်ယောက်၏ ဦးဆောင်မှုစွမ်းရည် (Art of the Boss..... Take the Lead)သည် စီးပွားရေး လုပ်ငန်းငယ်များ စတင်ခြင်းနှင့် ငွေကြေးဆိုင်ရာများ ရင်းနှီးခြင်း၊ စီးပွားရေး လုပ်ငန်းရှင်များ၊ မန်နေဂျာများ၏ စွမ်းဆောင်ရည်များ၊ တီထွင်ကြံဆပုံများနှင့် ယင်းတို့၏ သွင်ပြင်လက္ခဏာများ၊ စီမံချက်များ ပြင်ဆင်ခြင်းနှင့် ယင်းတို့၏ အရေးပါပုံ၊ စီးပွားရေးလုပ်ငန်းအသစ်များ အဘယ်ကြောင့် ဆုံးရှုံးပုံ၊ မန်နေဂျာ တစ်ဦးချင်း၏ အမူအကျင့်များနှင့် ယင်းတို့အား လွှမ်းမိုးထားသည့် အချက်အလက်များ၊ မန်နေဂျာကောင်း တစ်ယောက်၏ ပတ်ဝန်းကျင်နှင့်အခက်အခဲများအပေါ် အောင်မြင်စွာ ဦးဆောင်နိုင်ပုံတို့ကို ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။

Double Diploma in Supply Chain Management နှင့် Logistics Management သည် Supply Chain Management ၏ ယန္တရားတည်ဆောက်ပုံနှင့် စီမံခန့်ခွဲမှုကို လည်းကောင်း၊ Customer Relationship Managementဘာသာရပ်မှ ဝယ်သူများနှင့် ဆက်သွယ်ရာတွင် Information Technology အခန်းကဏ္ဍ၏ အရေးပါပုံနှင့် Softwareစနစ်များ အသုံးချပြီး လုပ်ငန်းများလျင်မြန်ထိရောက်စွာ လုပ်ကိုင်ပုံတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားမည်ဖြစ်သည်။

ယင်း အလုပ်ရုံဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး STI Education တည်ရှိရာအဆောင်(၇)အခန်း(၃)နှင့်အဆောင်(၄) အခန်း(၇)၊ မြန်မာအင်ဖိုတက် အဆောက်အအုံ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၀၄၆၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁ နှင့် ၅၀၇၁၅၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး

စက်ချုပ်သင်တန်းနှင့် ပန်းအလှပြင် သင်တန်းဆင်း

ရန်ကုန် မေ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်းနှင့် ပန်းအလှပြင်သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက တောင်ဥက္ကလာပမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ရန်ကုန်တိုင်း မိခင် နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆု ရရှိကြသူများအား ဆုများချီးမြှင့်သည်။ **(ယာပုံ)**

အမှတ်တရလက်ဆောင်

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေအား တောင်ဥက္ကလာပမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက အမှတ်တရလက်ဆောင်ပန်းခြင်း ပေးအပ်သည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက စက်ချုပ်သင်တန်းနှင့် ပန်းအလှပြင် သင်တန်းနည်းပြဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နာယက ဒေါ်မာမာဝေနှင့်အဖွဲ့သည်ခန်းမအတွင်း စက်ချုပ် သင်တန်းသူများ၏ လက်တွေ့စက်ချုပ်နေမှုများ၊ သင်တန်းသူများ၏ ထုတ်လုပ်ပြီး လက်ရာမွန်အဝတ်အထည်များနှင့် ပန်းအလှပြင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုကြသည်။

တက်ရောက်

အဆိုပါ သင်တန်းကို ရက်သတ္တလေးပတ်ကြာဖွင့်လှစ်ခဲ့ပြီး စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၃၀၊ ပန်းအလှပြင် သင်တန်းတွင် သင်တန်းသူ ၂၅ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီ (၅/၂၀၀၇) အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ရှေးဦးစွာဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းဦးက ယခင် (၄/၂၀၀၇)အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို တင်ပြ၍ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီ အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြကာ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက်ရောက်မည့် သင်တန်းသား၊သင်တန်းသူများ တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းတွေ့ဆုံ၊ ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းအတွင်းမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄၂)သို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ၂နာရီခွဲက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တစ်ဦးချင်းမိတ်ဆက်

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းအား သင်တန်းတက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများနှင့် တက်ရောက်ဆဲ သင်တန်းသား သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ပညာသင်စရိတ်ထောက်ပံ့

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** သင်တန်းသား သင်တန်းသူများအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကထောက်ပံ့သော ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် သုံးသိန်း လေးသောင်းကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် သင်တန်းသားသင်တန်းသူများ ကိုယ်စား သင်တန်းသူဒေါ်ခိုင်ဇာထွန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်) အသင်းရုံးခန်းဝယ်ယူရေး အလှူငွေပေးအပ်

ရန်ကုန် မေ ၃၀

ရေတာရှည် မြို့နယ်အသင်း (ရန်ကုန်) အတွက် ရုံးခန်းဝယ်ယူရန် အလှူငွေ ပေးအပ်ပွဲကို အသင်း၏ အတွင်းရေးမှူး ဦးမောင်တင့်၏နေအိမ် အမှတ်(၅၃၁) အင်း၀ ၄ လမ်း တောင်ဥက္ကလာပမြို့နယ်၌ မေ၂၇ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ အသင်းနာယက များ၊ အမှုဆောင်လူကြီးများနှင့် အသင်းသူ၊ အသင်းသားများက ၂၀၀၈ ခုနှစ် ဇွန်လအတွင်း အပြီးလှူဒါန်းရန် ဖြစ်သော အလှူငွေများကို ယခုတစ်ကြိမ် တည်းအပြီး ကြိုတင်လှူဒါန်းကြသည်။ **(အောက်ဝဲပုံ)** တက်ရောက်သူ ၂၀တို့၏ လှူဒါန်းငွေမှာ ငွေကျပ်သိန်း၄၀ ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်လှူဒါန်းနိုင်

အသင်း၏ ၂၀၀၇ခုနှစ် ဇွန်လတွင် လှူဒါန်းရန်ရှိသော အလှူငွေလက်ခံပွဲကို လည်း အထက်ဖော်ပြပါနေအိမ်၌ပင် ဇွန်၂၄ရက်မွန်းလွဲ၁နာရီတွင် ကျင်းပမည် ဖြစ်ရာ အသင်းသူ၊ အသင်းသားများ တက်ရောက်လှူဒါန်းကြရန်နှင့် ကိုယ်တိုင် မလာရောက်နိုင်ပါက အသင်းအတွင်း ရေးမှူး ဦးမောင်တင့် ဖုန်း-၅၇၈၇၆၂သို့ ဆက်သွယ် စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများအား အမှူးထားရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချို (၂) ရပ်ကွက် မိုးမခလမ်း အမှတ် ၄၄၉ (A-47)နေ ကိုရဲထွဋ်အောင်-မအေးသီရိသိန်း သမီးများဖြစ်သော ဖြူဖွေးနှင့် စနီးမိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(မဓ္ဓာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသားအဆင့် အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြား

နေပြည်တော် မေ ၃၀

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အထောက်အပံ့ဖြင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောသုတေသနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သစ်တောသုတေသနဌာန ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးစီမံကိန်းမှ အမျိုးသားအဆင့် အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍အမှာစကားပြောကြားပြီး**(အောက်ပုံ)** FAO ဌာနေကိုယ်စားလှယ် Mr. Tang Zinping က နှုတ်ခွန်းဆက်စကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ FAO ဌာနေ ကိုယ်စားလှယ်နှင့် ကျွမ်းကျင်သူ ပညာရှင်များ၊ FREDAနှင့် BENCA တို့မှ တာဝန်ရှိသူများ၊ သစ်တော ဦးစီးဌာနနှင့် တက္ကသိုလ်များမှ ပါဝင်ဆွေးနွေးကြမည့်ပုဂ္ဂိုလ် ၅၀တို့ တက်ရောက်ကြသည်။

ကျင်းပသွားမည်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့မှ မေ၃၁ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

ရန်ကုန် ကွန်ပျူတာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၃၀

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၌ ၁၉၈၆-၁၉၈၇ ခု ပညာသင်နှစ်မှ စတင်၍ ယနေ့အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသားကျောင်းသူ ဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို **ဇွန် ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီ အထိ** ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ပေးအပ်လှူဒါန်းမည်

အာစရိယပူဇော်ပွဲတွင် ကွယ်လွန်သွားကြသည့် ဆရာကြီး၊ ဆရာမကြီး များအား ရည်စူး၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေများပေးအပ် လှူဒါန်းမည်ဖြစ်သည်။

ဖိတ်ကြားနိုးဆော်

ထို့အပြင် အာစရိယပူဇော်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အဝေးရောက်ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုပေးအပ်မည့် ငွေများကို ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မေတ္တာဝါဒီ ဟသ်ာတ(ပရဟိတ) စာသင်တိုက်သို့ လှူဒါန်းမည်ဖြစ်သည်။ အာစရိယ ပူဇော်ပွဲသို့ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက် ကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာလူငယ်များ ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၃၀

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မေ ၂၉ ရက်မှ ဇွန် ၁ရက်အထိ ကျင်းပမည့် ကမ္ဘာ့လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အုပ်ချုပ်သူနည်းပြအဖြစ် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်မှ ဦးသန်းထွန်း ခေါင်းဆောင်၍ လူငယ်အားကစားသမားများဖြစ်သည့် နေဇလဝင်းမြင့်၊ စွမ်းသီဟအောင်၊ ဖွဲလင်းဌေး၊ မေလီ၊ ယဉ်မေမျိုးတို့ပါဝင်သောမြန်မာလူငယ် ဂေါက်သီးရိုက်အဖွဲ့သည်မေ၂၆ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သင်တန်းပို့ချ

တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံ စည်းရုံးရေးသင်တန်းအမှတ်စဉ်(၂၆)ကို (၇)ရပ်ကွက် မင်းရဲကျော်စွာလမ်းမကြီးပေါ်ရှိ အမှတ်(၂)အခြေခံပညာအလယ် တန်းကျောင်း၌ ဖွင့်လှစ်ပို့ချလျက်ရှိရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ် အမှုဆောင် ဦးတင်လှိုင် သင်တန်းပို့ချစဉ်။ (၁၉၂)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းထံ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် **Royal Ruby Co.,Ltd.** အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သင်းနွယ်ဝင်း ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအသုံးပြုရန် ဆေးဝါးများလှူဒါန်း

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးလုပ်ငန်းစောင့်ရှောက်မှုများတွင် အသုံးပြုရန် အတွက် Royal Ruby Co.,Ltd. မှ မေ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းသို့ ဆေးဝါးများ လာရောက်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ Royal Ruby Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သင်းနွယ်ဝင်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ် နှစ်သိန်းခြောက်ထောင်တန်ဖိုးရှိ ဆေးဝါးများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တက်ရောက်

အဆိုပါ ဆေးဝါးလှူဒါန်းပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

အခမ်းအနားအစီအစဉ် ပထမပိုင်းကို အနန္တဂုဏ်ရည် နှစ်ထပ်ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် အလှူရှင်သုံးဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အနန္တဂုဏ်ရည် နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ပက်ဖျန်းပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အလှူရှင်များနှင့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းအား နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ကျောင်းဆောင်သစ်အပေါ်ထပ်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အလှူရှင်များနှင့် ဧည့်သည်တော်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် အင်းလျားရွာသစ်ကျောင်းတိုက်မှ ဘဒ္ဒန္တတိလောကထံ အနန္တဂုဏ်ရည် ကျောင်းဆောင်သစ် အလှူရှင်များဖြစ်ကြသော ဦးအေးငွေ-ဒေါ်အိအိငြိမ်း၊ ဦးတင်သိန်း-ဒေါ်ခင်ရီနှင့် ဦးတင်အေး-ဒေါ်ဖြူဖြူအေး မိသားစုတို့က ဆောက်လုပ်ပြီးစီးသွားသော အနန္တဂုဏ်ရည် နှစ်ထပ်ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ သ၊ စ၊ သ၊ အ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ ဘဒ္ဒန္တပညာသီဟာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ကိရိယာများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ်အဖြစ် နေပြည်တော် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများ၊ ပျဉ်းမနားမြို့နယ် မရမ်းတောင်ကျေးရွာနှင့် ထိန်ပြောင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများ၊ တပ်ကုန်းမြို့နယ် ရှားတုံးအိုင်ကျေးရွာနှင့် လက်ပံအိုင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများ၊ လယ်ဝေးမြို့နယ် ဗဟိုနှင့် မြို့မ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူများအတွက် လှူဒါန်းသည့် ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ ဗလာစာအုပ်နှင့် စာရေးကိရိယာ ဒါဇင် ၁၃၅၀ တို့ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ တိုင်းရင်းသားလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်တို့က ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

သီဆို

ထို့နောက် ပျဉ်းမနားမြို့နယ် ပညာရေးမှူး ဦးလှထူးက ကျေးဇူးတင်စကားပြောကြားပြီး နေပြည်တော် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"မြန်မာ့ကျောင်း"** သီချင်းကို သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကြက်ငှက်တုပ်ကွေးကာကွယ်သည့် ပဋိဇီဝဆေးများ နိုင်ငံတကာသိပ္ပံပညာရှင်တို့ တွေ့ရှိ ဖော်ထုတ်

လူတို့တွင်ဖြစ်ပွားသည့် ကြက်ငှက်တုပ်ကွေးရောဂါကို ကာကွယ်နိုင်သည့် ပဋိဇီဝဆေးများကို နိုင်ငံတကာသိပ္ပံပညာရှင်များအဖွဲ့ တစ်ဖွဲ့က စူးစမ်းဖော်ထုတ်လိုက်ပြီဟု သိရသည်။

တွေ့ရှိ

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်များ လူကို ကူးစက်ပြန့်ပွားလာလျှင် ကာကွယ်ဆေးများ ဖြည့်စွမ်းပေးသည့် ကုသရေးကို ဤဖော်ထုတ်တွေ့ရှိချက်က ဦးတည်သည်ဟု ဆိုသည်။

၁၈၀ ကျော်

အိတ်ချ်-၅ အင်န်-၁ ဗိုင်းရပ်စ်ကြောင့် ၂၀၀၃ ခုနှစ်နောက်ပိုင်း ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၁၈၀ ကျော်ရှိသွားပြီ ဖြစ်သည်။

ကာကွယ်ဆေး

အကယ်၍ ကြက်ငှက်တုပ်ကွေးရောဂါ လူသားချင်းကူးစက်ဖြစ်ပွားလျှင် ကာကွယ်ရန် အချို့နိုင်ငံများက ကာကွယ်ဆေးများကိုပင် စုဆောင်းထားကြပြီးဖြစ်သည်ဟု ဆို၏။ သို့သော် မည်မျှထိရောက်မည်ကိုမူ မည်သူမျှ တပ်အပ်သေချာ မသိနိုင်ဟု ဆိုသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် နေပြည်တော်၌ ကျင်းပသော ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံရေး အထိမ်းအမှတ်အဖြစ် စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲတွင် ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စင်ကာပူ အမျိုးသားတံခွန်စိုက် ရှက်လှေပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ရှက်လှေအားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် မေ ၃၀

စင်ကာပူနိုင်ငံတွင် ဇွန် ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် စင်ကာပူ အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ (Singapore National 420 Champion Ship)၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလက်ရွေးစင် ရွက်လှေအားကစားအဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားကြသည်။

(ယာအောက်ပုံ)

ပါဝင်

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသန်းစိန် (အဖွဲ့ချုပ် နည်းပြချုပ်)၊ အားကစားသမားများအဖြစ် (အမျိုးသား) နေလကျော်၊ မင်းမင်း၊ အောင်မြင်သူနှင့် စိုင်းပြည့်စုံဟိန်း၊ (အမျိုးသမီး) စုစန္ဒာဝေနှင့် ခင်ညိုလင်းတို့ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့၏ နည်းပြအဖြစ် အင်္ဂလန်နိုင်ငံမှ Mr. Collum Mac Donaldက တာဝန်ယူ ဆောင်ရွက်မည် ဖြစ်သည်။

ကြိုတင်ပြင်ဆင်

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့သည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အာရှဘိလိယက်ချန်ပီယံပြိုင်ပွဲ မြန်မာအသင်းမှ အောင်ဌေး အကြိုဗိုလ်လုပွဲတက်ရောက်

ရန်ကုန် မေ ၃၀

မေ ၂၆ ရက်မှ ဇွန် ၂ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၀၇ ခုနှစ် (၆)ကြိမ်မြောက် အာရှ အသက်(၂၁)နှစ်အောက် စနူကာ ပြိုင်ပွဲနှင့် အာရှ ဘိလိယက်ချန်ပီယံ ပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ ဘိလိယက်အသင်းမှ အောင်ဌေးသည် အိန္ဒိယနိုင်ငံမှ အားကစားသမား ရူပက်(ရှ်)ရှားအား လေးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး မေ ၃၁ ရက်တွင် အကြိုဗိုလ်လုပွဲ ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ရှိကျန်းမာရေးသတင်းစနစ်သုံးသပ်ပြီး ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ ပိုလီယိုရောဂါ လုံးဝပပျောက်ရေးလုပ်ငန်း ရေရှည်တည်တံ့အောင် ကြိုးပမ်းသွားမည် နိုင်ငံတကာနှင့် ဒေသတွင်းကျန်းမာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်

နေပြည်တော် မေ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၁၄ရက်မှ ၁၈ရက်အထိ ကျင်းပသော အကြိမ်(၆၀)မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ခဲ့သည်။

တက်ရောက်

ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် မေ ၁၄ ရက် နံနက်ပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ Palais des Nations ၌ ကျင်းပသည့် အကြိမ်(၆၀)မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ သဘာပတိ မိုဇမ်ဘစ်နိုင်ငံ ကျန်းမာရေး ဝန်ကြီး H.E Professor, Paulo Ivogarrido က ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် ကိုယ်စား လှယ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။ ဖွင့်ပွဲတွင် ဂျီနီဗာမြို့တော်ဝန်က ကြိုဆိုနှုတ်ခွန်း ဆက်စကား ပြောကြားပြီး တောင် အာဖရိကနိုင်ငံက နှုတ်ခွန်းဆက်သီချင်း ဖြင့် ကြိုဆိုသည်။

ရွေးချယ်တင်မြှောက်

ယင်းနောက် အကြိမ်(၆၀)မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ သဘာပတိ အဖြစ် သြစတြေးလျနိုင်ငံ ကျန်းမာရေး နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဝန်ကြီး ဌာနဝန်ကြီး H.E Ms.J.Halton အား ရွေးချယ်တင်မြှောက်၍ အမှုဆောင် ရာထူးများအတွက် ညီလာခံဒုတိယ သဘာပတိငါးနေရာနှင့် ကော်မတီ "အေ"၊ကော်မတီ"ဘီ" ဥက္ကဋ္ဌများအား ရွေးချယ်တင်မြှောက်သည်။

ထို့နောက် ဝန်ကြီးဒေါက်တာ ကျော်မြင့်သည် မွန်းလွဲပိုင်းတွင် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ချုပ်ရုံးရှိ တီဘီရောဂါ တိုက်ဖျက်ရေးဌာန၌ တီဘီရောဂါ တိုက် ဖျက်ရေး ညွှန်ကြားရေးမှူး Dr. Mario Raviglione၊ တီဘီ၊ ငှက်ဖျား၊ ခုခံအား ကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး ဌာန စီမံခန့်ခွဲရေး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ မြန်မာ နိုင်ငံတွင် တီဘီရောဂါတိုက်ဖျက်ရေး အတွက် ပြည်သူလူထုအား ကျယ်ကျယ် ပြန့်ပြန့် ပညာပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြည်တွင်း ပြည်ပရှိ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း ၍ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း များကို အရှိန်အဟုန်မြှင့် ဆောင်ရွက် လျက်ရှိကြောင်း၊ ကမ္ဘာ့ရန်ပုံငွေ (Global Fund)ထောက်ပံ့မှုရပ်ဆိုင်းပြီး နောက် တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို ရောဂါကြီး သုံးမျိုး ရန်ပုံငွေ (Three Diseases Fund)ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ တီဘီဆေးဝါးများကို Global Drug Facility အထောက်အပံ့ဖြင့်ရရှိလျက် ရှိကြောင်းနှင့် ဆေးယဉ်ပါးသော တီဘီ ရောဂါပိုးများ ဖြစ်မလာအောင် ထိန်း သိမ်းကာကွယ်ရန် ကိစ္စများကို ဆွေးနွေး ညှိနှိုင်းသည်။ ယင်းနောက် မြန်မာနိုင်ငံ အနေဖြင့် ကမ္ဘာ့ရန်ပုံငွေ (Global Fund) ရရှိရန် အခွင့်အလမ်းများရှိ ကြောင်း၊ တီဘီရောဂါ တိုက်ဖျက်ရေး ညွှန်ကြားရေးမှူးက ဆွေးနွေးပြောကြား သည်။

ဆွေးနွေးညှိနှိုင်း

ဆက်လက်၍ ဝန်ကြီးဒေါက်တာ ကျော်မြင့်သည်အဖွဲ့ဝင်များလိုက်ပါလျက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး တိုင်းရင်း ဆေးဌာန ညှိနှိုင်းရေးမှူး Dr. Hiarua Zhang အား တွေ့ဆုံ၍ မြန်မာနိုင်ငံ တိုင်းရင်းဆေး တက္ကသိုလ်မှ ပထမ အသုတ် ဘွဲ့ရကျောင်းသားများအား မွေးထုတ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ဆေး တက္ကသိုလ်တတိယနှစ်အမ်ဘီဘီအက်စ် သင်ရိုးညွှန်းတမ်း၌လည်း တိုင်းရင်း ဆေး ဘာသာရပ်ကို ထည့်သွင်းသင် ကြားပေးလျက်ရှိကြောင်း၊ ဆေးပညာ မဟာသိပ္ပံ (မေ့ဆေး) ဘွဲ့လွန်ဘာသာ ရပ်တွင် အပ်စိုက်ဆေးကုပညာရပ်ကို ထည့်သွင်း သင်ကြားပေးနေကြောင်း၊ ယင်းကိစ္စရပ်များကို မြန်မာနိုင်ငံက ဦးစွာဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ် တိုင်း ရင်းဆေးဌာနမှ မှတ်တမ်းတင်ပေးရန် ပြောကြားခဲ့ပြီး ဆက်လက်ဆောင်ရွက် မည့် လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်း သည်။ အကြိမ် (၆၀)မြောက် ကမ္ဘာ့ ကျန်းမာရေးညီလာခံကို မေ ၁၅ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေး မှူးချုပ် Dr. Margret Chan က အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာ ကျော်မြင့်သည် မွန်းလွဲပိုင်းတွင် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ ဌာနချုပ်ရှိ NTD (Neglected Tropical Diseases) ဌာန ညွှန်ကြားရေးမှူး Dr.L.Savioli နှင့် NTD စီမံချက်မန်နေဂျာ Dr. Denis Daumerie တို့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ အနာကြီးရောဂါတိုက် ဖျက်ရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မှု၊ မြန်မာနိုင်ငံ၌ စစ်စတို ဆိုမီရေးဆစ်(စ်) (Schitosomeasis) ရောဂါ၊ ကုလာအာဇာ (Kalaarzar) ရောဂါများ ကူးစက်မှုရှိ၊ မရှိသိရှိရန် လိုအပ်မှုတို့ကို ဆွေးနွေးပြောကြားရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူ များက လိုအပ်သော ကျွမ်းကျင်မှု ဆိုင်ရာ ပံ့ပိုးကူညီဆောင်ရွက်မည်ဖြစ် ကြောင်း၊ မြန်မာနိုင်ငံ၌ အနာကြီး ရောဂါ ပပျောက်ရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုအတွက် ဂုဏ်ယူပါ ကြောင်းနှင့် ဆင်ခြေထောက်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် လိုအပ် သော ရန်ပုံငွေကို ရှာဖွေပေးနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ညနေ ၅ နာရီတွင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ချုပ်ရုံး၌ ကျင်းပသည့် မဲခေါင် ဒေသ ကူးစက်ရောဂါများ စောင့်ကြပ် ကြည့်ရှုခြင်းဆိုင်ရာ နားလည်မှုစာချွန် လွှာ လက်မှတ်ရေးထိုးပွဲသို့ တရုတ် ပြည်သူ့ သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတ နိုင်ငံတို့မှ ကျန်းမာ ရေး ဝန်ကြီးများနှင့်အတူ တက်ရောက် ၍ နားလည်မှုစာချွန်လွှာကို လက်မှတ် ရေးထိုးခဲ့သည်။

ယင်းလက်မှတ်ရေးထိုးပွဲသို့ ရန်ပုံ ငွေ ထောက်ပံ့ပေးမည့် Rockefeller Foundation မှ ညွှန်ကြားရေးမှူးနှင့် အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ် ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၏ညွှန်ကြားရေးမှူးများတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။

ကြိုဆိုထောက်ခံ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံ ကို မေ ၁၆ ရက်တွင် Palais des Nations ခန်းမ၌ ဆက်လက်ကျင်းပရာ ညီလာခံသို့ တက်ရောက်လာကြသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံများ၏

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည့် အကြိမ်(၆၀)မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်စဉ်။
(ကျန်းမာရေး)

ကျန်းမာရေးဝန်ကြီးများက ညီလာခံ၏ ဆောင်ပုဒ်ဖြစ်သော International Health Security Invest in Health,Build a Safer Future အပေါ် သက်ဆိုင်ရာ နိုင်ငံများအလိုက် မူဝါဒမိန့်ခွန်းများ ပြောကြားခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်း ဆောင် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က မိန့်ခွန်းပြော ကြားရာတွင် မြန်မာနိုင်ငံ အနေဖြင့် လက်ရှိကျန်းမာရေး သတင်းစနစ်ကို သုံးသပ်ပြီး ပိုမိုထိရောက်မှုရှိအောင် နီးနွယ်သော ဝန်ကြီးဌာနများနှင့်အတူ ပူးပေါင်း၍ မြှင့်တင်ဆောင်ရွက်လျက် ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးဝါးများကို သတ်မှတ်ချက်နှင့်အညီ အသုံးပြုရေးတင်ပြချက်ကို ကြိုဆို ကြောင်း၊ မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါ လုံးဝပပျောက်ရေးလုပ်ငန်းများကိုရေရှည် တည်တံ့အောင်ကြိုးစားဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ကူးစက်တတ်သော ရောဂါများဖြစ်သည့် ငှက်ဖျား၊ တီဘီ၊ ကြက်ငှက်တုပ်ကွေး အစရှိသော ရောဂါ များနှင့် သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိ သည့် မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို လည်း ကြိုဆိုထောက်ခံပါကြောင်း။

နိုင်ငံတကာနှင့် အရှေ့တောင်အာရှ ဒေသတွင်း နိုင်ငံများ၏ ကျန်းမာရေး ဆိုင်ရာ လုပ်ငန်းများတွင် မြန်မာနိုင်ငံ က တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင် ရွက်လျက်ရှိကြောင်း International Health Regulation -2005 သည် ယခုနှစ် ဇွန်လမှစ၍ အာဏာသက် ရောက်မှုရှိလာမည်ဖြစ်၍ တစ်နိုင်ငံမှ တစ်နိုင်ငံ ကူးစက်ရောဂါများ ပြန့်ပွား မှုကို ကာကွယ်တားဆီးနိုင်မည်ဖြစ် ကြောင်း၊ နိုင်ငံတကာတွင် ကျန်းမာရေး လုံခြုံစိတ်ချမှု ရှိလာနိုင်မည်ဖြစ်ကြောင်း ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီး ဒေါက်တာ ကျော်မြင့်သည် ကော်မတီ "အေ" အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာ ကျော်မြင့်သည် ကမ္ဘာ့ကျန်းမာရေး အဖွဲ့၏ Medium-term Strategic Plan 2008-2013 နှင့် Proposed Programme Budget 2008-2009 နှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများ၏ ညှိနှိုင်းအစည်း အဝေးသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် Palais des Nations အဆောက် အအုံ အစည်းအဝေးခန်းမ VIII ၌ ကျင်းပ သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့ တောင်အာရှ အဖွဲ့ဝင်နိုင်ငံများ၏ ညှိနှိုင်း အစည်းအဝေးသို့တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေး၌ ကြက်ငှက် တုပ်ကွေးရောဂါ ကာကွယ်တားဆီး ရေးနှင့် ပတ်သက်၍ အင်ဒိုနီးရှားသမ္မတ နိုင်ငံကတင်သွင်းရန်ရှိသည့်အဆိုပြုချက် မူကြမ်းကို အတည်ပြုနိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများက ညှိနှိုင်းဆွေးနွေး ကြသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မေ ၁၇ ရက် နံနက်ပိုင်းတွင် ကုလသမဂ္ဂ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက် ဖျက်ရေးအဖွဲ့ ဌာနချုပ်၌ Country and Regional Support Department မှ ညွှန်ကြားရေးမှူး Mr. Michel Sidibe နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ခုခံအား ကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးရာ ညွှန်ကြားရေးမှူး Mr. Michel Sidibe က မြန်မာနိုင်ငံ၌ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ/ကာလသားရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ရရှိထားသော ရန်ပုံငွေဖြင့် ထိရောက် စွာ ဆောင်ရွက်လျက်ရှိသည့်အပြင် ရောဂါဖြစ်ပွားနှုန်းများလည်း ကျဆင်း လျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဂုဏ်ယူ ပါကြောင်း၊ ခုခံအားကျဆင်းမှုကူးစက် ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ အတွက်ကမ္ဘာ့ရန်ပုံငွေ (Global Fund) ရရှိရေးအတွက် အခွင့်အလမ်းများရှိ ကြောင်းနှင့် လိုအပ်သည်များကို ပံ့ပိုး ကူညီသွားမည်ဖြစ်ကြောင်းဖြင့် ပြော ကြားပြီး ဝန်ကြီးက ခုခံအားကျဆင်းမှု ကူးစက်ရောဂါအတွက်သာမက တီဘီ ရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများအတွက်ပါ အဆိုပြုလွှာ တင်သွင်းမည်ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာ ကျော်မြင့်သည် ဂျပန်နိုင်ငံ Nippon Foundation ဥက္ကဋ္ဌ Mr. Sasakawa နှင့် တွေ့ဆုံရာ ဝန်ကြီးက အနာကြီး ရောဂါကင်းဝေးရေးအတွက် ပံ့ပိုးကူညီ ခဲ့သည်ကို ကျေးဇူးတင်ကြောင်းနှင့် ဆက်လက်ပံ့ပိုးသွားစေလိုကြောင်း ပြော ကြားသည်။ ထို့နောက် Mr. Sasakawa က ကျေးရွာနေပြည်သူ လူထု ကျန်းမာရေး စောင့်ရှောက်မှု အတွက် တိုင်းရင်းဆေးဝါးများ ပါဝင် သည့်ရှေးဦးပြုစုမှုဆေးပုံးများကို ကျေးရွာ များသို့ ဖြန့်ဖြူးနိုင်ရေးအတွက် ရန်ပုံငွေ များ ထောက်ပံ့လှူဒါန်းသွားမည်ဖြစ် ကြောင်း၊ တိုင်းရင်းဆေးပညာရပ်များ ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် လေ့ကျင့်သင်ကြားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန နှင့် နှစ်ဦးနှစ်ဖက်နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး ဆောင်ရွက် သွားလိုပါကြောင်းဖြင့် ညှိနှိုင်းပြောကြား ခဲ့ကြသည်။

ရန်ပုံငွေထောက်ပံ့

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲ ပိုင်းတွင် ဂျီနီဗာမြို့ ကုလသမဂ္ဂ အဆောက်အအုံရှိ ပိုလီယိုရောဂါ လုံးဝ ပပျောက်ရေးဌာန၌ လက်ထောက် ညွှန်ကြားရေးမှူးချုပ် Dr. David Haymann နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မောင်းတောမြို့နယ်တွင် ပိုလီယို အရိုင်း ပိုးတွေ့ရှိမှုနှင့်ပတ်သက်၍ ဆောင်ရွက် ထားရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက် မည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြရာ Dr. David Haymann က ပိုလီယို အရိုင်းတွေ့ရှိမှုအပေါ် ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်မှုကို ဂုဏ်ယူမိကြောင်း၊ မေလနှင့် ဇွန်လများအတွင်း ဆောင် ရွက်သွားမည့် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေး အတွက် ရန်ပုံငွေထောက်ပံ့ပေးသွား မည်ဖြစ်ကြောင်း၊ ၂၀၀၇ခုနှစ် ဒီဇင်ဘာ လအတွင်းဆောင်ရွက်မည့် တစ်နိုင်ငံလုံး အသက်(၅)နှစ်အောက် ကလေးများ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးရေး အတွက်လည်း ရန်ပုံငွေရရှိရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် ဝန်ကြီးဒေါက်တာ ကျော်မြင့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ သည် ညနေ ၅ နာရီတွင် Palais des Nations ခန်းမ၌ ပြုလုပ်သည့် Leon Bernard Foundation ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ယင်းဆုကို မြန်မာနိုင်ငံ ဆေး သုတေသန ဦးစီးဌာန (အောက်မြန်မာ ပြည်)မှ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ သန်းထွန်းစိန်က ပြည်သူ့ကျန်းမာရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင် ရွက်ခဲ့သဖြင့် ဆုချီးမြှင့်ခြင်းခံရခြင်း ဖြစ်သည်။

ယင်းနောက် ဒေါက်တာသန်းထွန်း စိန်က ကျေးဇူးတင်စကားပြန်လည်ပြော ကြားပြီး ဆုရရှိသူများက စုပေါင်း၍ ဓာတ်ပုံရိုက်ကြသည်။

ဝန်ကြီးဒေါက်တာကျော်မြင့်သည် မေ ၁၈ ရက်တွင် ဂျီနီဗာမြို့ ကုလသမဂ္ဂ အဆောက်အအုံ အခန်း (၁၈)၌ ကျင်းပ သည့်ကော်မတီ "အေ" အစည်းအဝေး သို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အရက် သောက်ခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်သည့် ကျန်းမာရေး ပြဿနာများ၊ ၂၀၀၈-၂၀၁၃ ခုနှစ် ကာလအတွင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့က ဦးစားပေးဆောင်ရွက်သွားမည့် ကျန်းမာရေးပြဿနာများအကြောင်း နှင့် ၂၀၀၈-၂၀၀၉ ခုနှစ်ကာလအတွင်း ဆောင်ရွက်သွားမည့် ကျန်းမာရေး စီမံကိန်းများအတွက် ရန်ပုံငွေ လျာထား ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးကြ သည်။

ထို့နောက် ကော်မတီ "အေ" အစည်းအဝေးကို မွန်းလွဲပိုင်းတွင် အခန်း(၁၈)၌ ဆက်လက်ကျင်းပရာ Leishnaniasis ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအကြောင်း၊ ပိုလီယိုရောဂါ ပပျောက်ရေးတွင် အန္တရာယ်ရှိလာနိုင် သည့်ကိစ္စများကို ကြိုတင်ကာကွယ် ဆောင်ရွက်သွားမည့် လုပ်ငန်းများ အကြောင်းနှင့် တီဘီရောဂါတိုက်ဖျက် ရေးလုပ်ငန်းများအတွက် ရေရှည်စီမံ ချက် ရေးဆွဲရေးကိစ္စရပ်များကို ဆွေးနွေး ခဲ့ကြသည်။ **(သတင်းစဉ်)**

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးမင်းသိန်းအား ပူးတွဲခန့်အပ်

နေပြည်တော် မေ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမင်းသိန်းအား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲ ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ယူကရိန်းနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးမင်းသိန်းအား ပူးတွဲခန့်အပ်

နေပြည်တော် မေ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာ ကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိန်းအား ယူကရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရ သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲ ခန့်အပ် လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ရွှေညဝါ အောင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်၌ ဖွင့်လှစ် လျက်ရှိသော ဆဋ္ဌမအကြိမ်မြောက် ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါဆရာဖြစ် သင်တန်းအောင်ပွဲ အခမ်းအနားနှင့် ရွှေညဝါပညာ့ဗိမာန်သုံးထပ်ကျောင်းတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာပွဲကို ဇွန် ၃ ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ယင်းသုံးထပ်ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃၁-၅-၂၀၀၇ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြား တော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၈။ အကပဒေသာ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဒဿနိကဗေဒ အထူးပြု)[ဒဿနိကဗေဒ]
- ၁၇:၀၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၂၅ ၇။ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ တေးများ
- ၁၇:၃၅ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၁၇:၄၅ ၉။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံယဉ်ကျေးမှု၊ ပြန်ကြား ရေးကော်မတီနှင့် မြန်မာနိုင်ငံ)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သီရိဂေဟာ
- ၁၉:၀၀ ၁၃။ Discovery
- ၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေရောင်သန်းသော အသည်းနှလုံး** (အပိုင်း-၆)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း-၇)

ဘရာဇီးတွင် မွေးဖွားမှုထိန်းချုပ်ရေး စီမံကိန်းဖြင့်ဆောင်ရွက်မည်

ရီယိုဒီဂျနေရိုး မေ ၃၀

ဘရာဇီးနိုင်ငံသားအားလုံး အကျိုးသက်ရောက်စေမည့် မွေးဖွားမှုထိန်းချုပ်ရေးဆိုင်ရာ မိသားစုစီမံကိန်းကို ဆောင်ရွက်ရန် အမျိုးသားမိသားစုစီမံကိန်းမူဝါဒကို ဘရာဇီးသမ္မတ လူးဝစ်အီ နာစီရိုလူလာဒါဆီးလ်ဗာက မေ ၂၈ ရက်၌ ကြေညာလိုက်သည်။

အဆိုပါ စီမံကိန်းတွင် ဘရာဇီးအစိုးရက ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၅၀ကို သုံးစွဲမည်ဖြစ်ပြီး သန္ဓေတားဆေးပြားများ၊ ထိုးဆေးများပါရှိသော ဆေးသေတ္တာပေါင်း သန်း ၅၀ ကို နိုင်ငံတစ်ဝန်း ဖြန့်ဖြူးပေးမည်ဖြစ်သည်။

ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် ပြည်သူတို့အနေဖြင့် မိမိတို့၏ မိသားစုဘဝကို ပိုမိုအလေးထား ဂရုစိုက်ဆောင်ရွက်နိုင်ကြစေရန် ကူညီပေးမှုအစီအစဉ်ဖြစ်ကြောင်း ဘရာဇီးသမ္မတလူလာက ပြောကြားသည်။

အဆိုပါ စီမံကိန်းနှင့်ပတ်သက်၍ ဝေဖန်ပြစ်တင်မှုများကိုလည်း ဘရာဇီးအစိုးရအနေဖြင့် စိုးရိမ်ပူပန်မှု ရှိမည်မဟုတ်ကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီး ဂျို့ဂိုမက်စ်တမ်ပိုရာရိက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ မီးရထားဘူတာရုံတစ်ရုံတွင် မြန်နှုန်းမြင့်ရထားများအား မေ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်-စင်ကာပူ
ဒုတိယအကြိမ် မှုပိုင်ခွင့်ဆိုင်ရာ ညီလာခံကျင်းပ

စင်ကာပူ မေ ၃၀

တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် နှစ်နိုင်ငံအကြား မှုပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် ဒုတိယအကြိမ် တရုတ်-စင်ကာပူ မှုပိုင်ခွင့်ဆိုင်ရာ ညီလာခံကို စင်ကာပူနိုင်ငံတွင် မေ ၂၉ ရက်က ကျင်းပခဲ့ကြောင်း နယူးအာရှသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

တက်ရောက်

အဆိုပါညီလာခံသို့ အစိုးရဌာနများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် တရုတ်နိုင်ငံမှ မှုပိုင်ခွင့်လုပ်ငန်းကြီးကြပ်သူများ တက်ရောက်ကြသည်။

လေ့လာ

တစ်ရက်ခွဲအကြာ ကျင်းပမည့် အဆိုပါညီလာခံတွင် မှုပိုင်ခွင့်ဆိုင်ရာ ပြဿနာများ၏ စိန်ခေါ်မှုကို မည်ကဲ့သို့ ဖြေရှင်းရမည်၊ မှုပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများအား မည်သို့စီရင်ဆုံးဖြတ်ကြရမည်များကို ညီလာခံတက်ရောက်သူများ အနေဖြင့် လေ့လာဆည်းပူးကြမည်ဖြစ်ကြောင်းနှင့် မှုပိုင်ခွင့်ဆိုင်ရာ အတွေ့အကြုံများကို နှစ်နိုင်ငံအနေဖြင့် မျှဝေပေးသွားကြမည် ဖြစ်ကြောင်း အဆိုပါသတင်းတွင် ပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေကြသည်ကို မေ ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယားသမ္မတသစ် ကျမ်းသစ္စာကျိန်ဆို

အဘူဂျာ မေ ၃၀

မစ္စတာအူမာရုယာအဒူယာသည် မြို့တော် အဘူဂျာ၌ မေ ၂၉ရက်က နိုင်ဂျီးရီးယားသမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

မစ္စတာယာအဒူယာသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်လျက် အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်၍ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

၎င်းအား ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား၌ ပြည်သူများက ကောင်းချီးပေး ဂုဏ်ပြုခဲ့ကြောင်း သိရသည်။ (အင်တာနက်)

အီတလီ၌ ရာသီဥတုဆိုးရွား၊ ကောက်ပဲသီးနှံများပျက်စီး

ရောမ မေ ၃၀

အီတလီနိုင်ငံတွင် ယခုနှစ်၌ မိုးသက်မုန်တိုင်းများ တိုက်ခတ်မှုနှင့် ရေလွှမ်းမှုများကြောင့် ကောက်ပဲသီးနှံများနှင့် စိုက်ခင်းများ ပျက်စီးခဲ့ရကြောင်း အီတလီနိုင်ငံရှိ လယ်သမားများက မေ ၂၈ ရက်၌ ပြောကြားသည်။

ရာသီဥတု အဆိုးရွားဆုံးဒေသများမှာ အီတလီနိုင်ငံမြောက်ပိုင်း ဗီနီတို ဒေသ၊ ဖလူလီဗီနီဇီရာဂိုင်လီရာဒေသနှင့် ရီဂျီရိုအီမီလီရာဒေသတို့ ဖြစ်သည်။

ယခုအချိန်၌ပင် အီတလီနိုင်ငံ တောင်ပိုင်းဒေသများတွင် မုန်တိုင်းတိုက်ခတ်မှုနှင့် ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ကောက်ပဲသီးနှံများ ပျက်စီးမှုများမှာ နှစ်စဉ်ကြုံတွေ့နေကြဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ခန့်က ဆောင်းရာသီအပူချိန် ပြင်းထန်ခဲ့ပြီးနောက် ယခုကဲ့သို့ ရာသီဥတုဆိုးရွားမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

လက်ဘနွန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှု နှစ်ဦးသေဆုံး၊ တစ်ဦး ဖမ်းဆီးခံရ

ဘေရွတ် မေ ၃၀

ဘေရွတ် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သွားရာလမ်းမကြီးပေါ်တွင် မေ ၂၈ ရက်က စစ်ဆေးရေးဂိတ်တစ်ခုကို ကျော်ဖြတ်မောင်းနှင်ရန် ကြိုးစားသော မော်တော်ယာဉ်တစ်စီးအား လက်ဘနွန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ကားပေါ်တွင် လိုက်ပါလာသူနှစ်ဦး သေဆုံးပြီး တစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း လက်ဘနွန်စစ်ဘက်က ပြောကြားသည်။

လက်ဘနွန်တပ်ဖွဲ့ဝင်များက အဆိုပါ မော်တော်ယာဉ်ကို ရပ်တန့်ရန် ပြောကြားပြီး ပထမဦးစွာ လေထဲသို့ သေနတ်ပစ်ဖောက်ကာ ရပ်တန့်စေခိုင်းခဲ့သော်လည်း ၎င်းမော်တော်ယာဉ်မှာ မရပ်ဘဲ ကျော်ဖြတ်မောင်းနှင်ခဲ့သဖြင့် ယခုကဲ့သို့ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း လက်ဘနွန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါမော်တော်ယာဉ်မှာ မည်သည့်အတွက်ကြောင့် မရပ်ဆိုင်းဘဲ ဆက်လက်မောင်းနှင်ရန် ကြိုးစားခဲ့ခြင်းကို သေချာစွာ သတင်းမရသေးကြောင်း သိရသည်။ အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့ဒုတိယအရပ်အမြင့်ဆုံး နီပေါနိုင်ငံသား ငြိမ်းချမ်းရေးနှင့်ချစ်ကြည်ရေးအတွက် နိုင်ငံတကာသို့ ခရီးထွက်

ဒါကာ မေ ၃၀

ကမ္ဘာပေါ်တွင် ဒုတိယအရပ်အမြင့်ဆုံး လူသားဖြစ်သည့် နီပေါနိုင်ငံသား ရာဂျန်အက်ဟီကာရီသည် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းမှုနှင့် ချစ်ကြည်မှုခရီးစဉ်အဖြစ် မေ ၂၆ ရက်က ဒါကာမြို့သို့ ရောက်ရှိလာခဲ့သည်။

နီပေါနိုင်ငံသား ရာဂျန်အက်ဟီကာရီသည် အရပ် ၂ ဒသမ ၂၀၉၈မီတာမြင့်ပြီး နီပေါနိုင်ငံ အနောက်ပိုင်း ကျေးရွာလေးတစ်ရွာ၌ ၁၉၇၈ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်သည်။ ၎င်းသည် အသက် (၂၄) နှစ်အရွယ်ရှိ သူငယ်ချင်းဖြစ်သူ ချီထရာပေါဒယ်နှင့်အတူ ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးအတွက် ၂၀၀၇ ခုနှစ် ကမ္ဘာ့ခရီးစဉ် အဖြစ် ခရီးထွက်နေခြင်း ဖြစ်သည်။

ခရီးလှည့်

ယခု ခရီးစဉ်သည် ၎င်းအတွက် ပထမဆုံးခရီးစဉ်ဖြစ်ပြီး ရာဂျန်အက်ဟီကာရီနှင့် မိတ်ဆွေတို့သည် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ ခရီးလှည့်မည်ဖြစ်သည်။

ကြာမြင့်

မိမိတို့၏ ယခုခရီးစဉ်သည် မေ ၂ ရက်၌ စတင်ခဲ့ပြီး ခရီးစဉ် ပြီးဆုံးချိန်အထိ လေးလခန့် ကြာမြင့်မည်ဖြစ်ကြောင်း ရာဂျန်အက်ဟီကာရီ က ပြောကြားသည်။

ရည်ရွယ်ထား

ဒုတိယခရီးစဉ်များတွင် တရုတ်နိုင်ငံအပါအဝင် အခြားကမ္ဘာ့နိုင်ငံများသို့ ခရီးလှည့်လည်သွားရောက်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၌ ကမ္ဘာ့အရပ်အမြင့်ဆုံး လူသားနှင့် တွေ့ဆုံရန်လည်း ရည်ရွယ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆင်ပေါက်လေး

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးဖွားခဲ့သော ဆင်ပေါက်လေးအား ၎င်း၏မိခင်နှင့်အတူ မေ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ဟေဘေးပြည်နယ် နန်ကျင်းမြို့၌ ကလေးများနေ့ အထိမ်းအမှတ်အဖြစ် မူလတန်းကလေးငယ်များ စုပေါင်းရေးဆွဲထားသည့် မီတာ ၁၀၀ ရှည်သော ပန်းချီကားကို မေ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ၂၀၁၀ပြည့်နှစ်တွင် တိုးမြှင့်နိုင်ရန်မျှော်မှန်း

ကျင်တူ မေ ၃၀

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ မကြာမီအချိန်အတွင်း သဘာဝဓာတ်ငွေ့ ကုဗမီတာ ၃ ဒသမ ၈ ထရီလီယံ အထိ ထုတ်လုပ်နိုင်မည်ဖြစ်ရာ လက်ရှိ၌ ကုဗမီတာ ဘီလီယံ ၆၀၀ စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။

ထွက်ရှိ

စီချွမ်ပြည်နယ် တာကျိုမြို့သည် သဘာဝဓာတ်ငွေ့ အများဆုံး ထွက်ရှိရာ ဒေသဖြစ်သည်။

ကုန်သွယ်မှုပြပွဲ

၂၀၁၀ပြည့်နှစ်တွင် တာကျိုမြို့၌ သဘာဝဓာတ်ငွေ့ ကုဗမီတာ ၂၄ ဘီလီယံနှင့် ကန့်ထုတ်လုပ်မှု တန်ချိန် ၄ ဒသမ ၃သန်းကျော် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ စီးပွားရေး ကုန်သွယ်မှုပြပွဲ၌ မေ ၂၆ ရက်တွင် ဒေသဆိုင်ရာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်းမှ ၎င်းတို့နိုင်ငံအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ အများဆုံး ထုတ်လုပ်နိုင်ရန်နှင့် ၂၀၁၀ပြည့်နှစ် အရောက်တွင် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၇၄သန်း ထုတ်လုပ်နိုင်ရန် မျှော်မှန်းသည်။

အဆိုပါ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုသည် စီချွမ်ပြည်နယ်ရှိ ဇရိယာ စတုရန်းကီလိုမီတာ ၁၆၆၀၀ရှိ ပြည်သူ ၆ဒသမ ၄၆သန်းအား အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့နိုင်ငံများ၌ ဆေးလိပ်သောက်မှု ပိတ်ပင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်း

ဂျီနီဗာ မေ ၃၀

လုပ်ငန်းခွင်များနှင့် အများပြည်သူတို့နှင့် သီးခြားစီဖြစ်သောနေရာများ၌ပါ ဆေးလိပ်သောက်သုံးမှုကို တစ်ကမ္ဘာလုံးတွင် ပိတ်ပင်တားဆီးသွားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က မေ ၂၉ ရက်၌ တိုက်တွန်းဆော်သြလိုက်သည်။

ထိုသို့ ဆေးလိပ်သောက်မှုပိတ်ပင်ခြင်းသည် ဆေးလိပ်မသောက်သူများအတွက် တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်မှုမဖြစ်စေရန်လည်း ကူညီရာရောက်ကြောင်း၊ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်မိသူများသည် နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် အခြားရောဂါများကြောင့် အသက်ဆုံးရှုံးရနိုင်ကြောင်း ဒဗလျူအိတ်ချ်အိုက ပြောကြားသည်။

ဆေးလိပ်သောက်သုံးခြင်းသည် တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရသူများအား မည်သို့မျှ လုံခြုံဘေးကင်းမှုမရှိနိုင်သည်မှာ ထင်ရှားနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲမာဂရက်ချန်က မေ ၃၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့အကြိုအဖြစ် မေ ၂၈ ရက်၌ ပြောကြားလိုက်သည်။

ကမ္ဘာ့နိုင်ငံအများအပြားမှာ ဆေးလိပ်မသောက်ရန်တားမြစ်မှုများနှင့် ပတ်သက်၍ အကောင်အထည်ဖော်ရန် အဆင်သင့်ဖြစ်နေကြပြီဖြစ်ကြောင်း၊ လက်ရှိလည်း ဆောင်ရွက်နေကြကြောင်း အားလုံးကျန်းမာရေးအတွက် လုပ်ဆောင်ကြရန် တိုက်တွန်းကြောင်း ၎င်းက ပြောကြားသည်။ အမ်အင်န်အေ၊ရိုက်တာ

ဟားမတ်စ်တို့ ပစ်ခတ်သော ဒုံးကျည်များ အစ္စရေးနိုင်ငံအတွင်း ကျရောက်ခဲ့

ဂါဇာ မေ ၃၀

ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်နှင့် အစ္စရေးတို့ အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုမှ သွေဖည်လျက် အခြေအနေတင်းမာမှုများ ပိုမိုဆိုးရွားလာလျက်ရှိရာ မေ ၂၈ ရက်က ဟားမတ်စ်တို့ ပစ်ခတ်လိုက်သော ဒုံးကျည်များ အစ္စရေးနိုင်ငံအတွင်းသို့ ကျရောက်ခဲ့သည်။

ထိခိုက်ခြင်းမရှိ

ဟားမတ်စ်တို့ပစ်ခတ်လိုက်သော ဒုံးကျည်ခုနစ်လုံး အစ္စရေး တောင်ပိုင်း ဆဒါရော့ဒေသ၌ ကျရောက်ခဲ့သည်ဟု ဆိုသည်။သို့ရာတွင် တစ်စုံတစ်ယောက်မျှထိခိုက်ခြင်းမရှိကြောင်း အစ္စရေးစစ်တပ်က ပြောကြားသည်။

လွန်ခဲ့သော နှစ်ပတ်နီးပါးအတွင်း အစ္စရေးနှင့် ပါလက်စတိုင်းတို့ဖြစ်ပွားသော ပဋိပက္ခမှာ ပိုမိုဆိုးရွားလာသည်။

သေဆုံး

ယင်းကာလအတွင်း ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ပါလက်စတိုင်း ၅၀ သေဆုံးခဲ့ပြီး အစ္စရေးနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်အမျိုးသမီးကြီး ဦးခေါင်းအတွင်း ကျည်ဆန်ဝင်နေမှု ဆရာဝန်များက ခွဲစိတ်ဖယ်ရှားပေးနိုင်ခဲ့

ပေကျင်း မေ ၃၀

တရုတ်အမျိုးသမီးကြီးတစ်ဦး၏ ဦးခေါင်းအတွင်း နှစ်ပေါင်း ၆၄ နှစ်ကြာ ဝင်ရောက်နေသော ကျည်ဆန်တစ်ခုကို ဆရာဝန်များက ခွဲစိတ်ဖယ်ရှားပေးလိုက်ပြီးနောက် သူမ၏ ခေါင်းကိုက်ဝေဒနာလည်း သက်သာပျောက်ကင်းသွားကြောင်း မိတ်ဆွေများက ပြောကြားသည်။

ပစ်ခတ်

ကျန်ဂေါင်ယင် အမည်ရှိ အသက် ၇၇ နှစ်အရွယ် တရုတ်အမျိုးသမီးကြီးမှာ သူမငယ်ရွယ်စဉ် ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်၌ ဂျပန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သူမ၏ဦးခေါင်းအတွင်း အဆိုပါကျည်ဆန် ဝင်ရောက်သွားခဲ့ခြင်းဖြစ်ကြောင်း တရုတ်မီဒီယာများက မေ ၂၈ ရက်၌ ဖော်ပြသည်။

ဖော်ပြ

ကျန်ဂေါင်ယင်သည် ၁၉၄၃ ခုနှစ်က တရုတ်နိုင်ငံ ကျန်စုပြည်နယ်တွင် သူမ၏အဘိုးအား တွေ့ဆုံရန် သွားရောက်စဉ် ဂျပန်တပ်ဖွဲ့ဝင်တစ်ဦး၏ ပစ်ခတ်မှုကို ခံခဲ့ရပြီးနောက် မှတ်ဉာဏ်ကင်းမဲ့သူတစ်ဦးအဖြစ် ရောက်ရှိခဲ့ရသည်ဟု ပေကျင်း နယူးစ်သတင်းစာက ဖော်ပြသည်။

အမြှုပ်များထွက်

ထိုသို့ သေနတ်ဖြင့် အပစ်ခံရပြီးနောက် ဦးခေါင်းအတွင်း ကျည်ဆန်ရောက်ရှိခဲ့ချိန်မှ စတင်ကာ သူမသည် အမြဲတမ်း ခေါင်းကိုက်ဝေဒနာခံစားခဲ့ရသည်။ သူမ၏ ပါးစပ်မှလည်း အမြှုပ်များထွက်ရှိနေတတ်ပြီး ပါးစပ်ကလည်း ရောက်တတ်ရာရာ ပြောဆိုနေတတ်ကာ စိတ်မနှံ့သူတစ်ဦးကဲ့သို့ ဖြစ်နေကြောင်းလည်း အဆိုပါ သတင်းစာ၌ ဖော်ပြထားသည်။

နစ်နာကြေးတောင်း

ကျန်ဂေါင်ယင်၏သမီးဖြစ်သူ ဝမ်ကျီပင်းက မိမိတို့မိသားစုသည် ဆင်းရဲ၍ စစ်ဆေးမှု မပြုလုပ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။ ကျန်ဂေါင်ယင်၏ မိတ်ဆွေများက နှစ်ပေါင်း ၆၀ ကျော်ကြာ ဝေဒနာခံစားခဲ့ရသော သူမအတွက် နစ်နာကြေးတောင်းရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှာခေါင်းဖြင့် နဲမှုတ် ပြနိုင်သူ

နှာခေါင်းဖြင့် နဲများမှုတ်ပြနေသူ တစ်ဦးအား တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် လီယန်ကျင်းမြို့တွင် တရုတ်နိုင်ငံသားတစ်ဦးက သူ၏နှာခေါင်းပေါက် တစ်ဖက်စီ၌ နဲတစ်ခုစီတပ်ပြီး ဂီတသံစဉ်များ မှုတ်ပြသလို တစ်ချိန်တည်း၌ ၎င်း၏ ပါးစပ်တွင်လည်း ရေပုလင်းနှစ်လုံးဖြင့် ရေသောက်ကာ စွမ်းရည်ပြခဲ့ကြောင်း သိရသည်။

(အင်တာနက်)

အကြီးဆုံး ရွှေဖရုံသီး

အလွန်ကြီးမားသော ရွှေဖရုံသီးကြီးတစ်လုံးကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါ ရွှေဖရုံသီးကြီးကို တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဝူစီမြို့၌ ကျင်းပသည့် ခေတ်မီစိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ ပြပွဲ၌ ပြသထားခြင်းဖြစ်သည်။ ၎င်းရွှေဖရုံသီးကြီးသည် အလေးချိန် ၁၂၅ ကီလိုဂရမ်ရှိကြောင်း သိရသည်။

(အင်တာနက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးမည် ဒေသခံပြည်သူများ စိတ်ဝင်စားပြီး လက်တွေ့စိုက်ပျိုးလာအောင် စည်းရုံး

နေပြည်တော် မေ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၁၆ရက် မွန်းလွဲ ၁ နာရီက ကျိုင်းတုံမြို့ စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စည်းရုံးဆောင်ရွက်

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)အနေဖြင့်သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူဧက ငါးသိန်း ပြည့်မီအောင် စိုက်ပျိုးရေး၊ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် သတ်မှတ်ပေးထားသည့် စိုက်ဧကများ ပြည့်မီ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရေး၊ ကျေးရွာအုပ်စုများတွင် ခြံစည်းရိုးကြက်ဆူစံပြရွာ တစ်ရွာစီတည်ထောင်၍ ဒေသခံပြည်သူများမှ စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စိုက်ပျိုးလာအောင် စည်းရုံးဆောင်ရွက်သွားကြရေးတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ပြည့်မီအောင်

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးအေးလင်းက တပ်နယ်များအလိုက် ၂၀၀၆ခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရန်လျာထားဧကများအပေါ် စိုက်ပျိုးပြီးစီးမှုနှင့်၂၀၀၇ ခုနှစ်တွင် တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ခြံစည်းရိုးကြက်ဆူပင်များ သတ်မှတ်လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်နှင့်မျိုးကိုင်းများ စုဆောင်းထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြ

ထို့နောက် ခရိုင်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ခရိုင်အလိုက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ဘိုင်အိုဒီဇယ် ထုတ်လုပ်နိုင်ရန်စီစဉ်ဆောင်ရွက်ထားရှိမှုများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပျိုးထောင်စိုက်ပျိုး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျိုင်းတုံတပ်နယ်အတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်၌ ပျိုးပင်၉၀၀၀၀အား ပျိုးပေါင်၊ ပျိုးအိတ်များဖြင့် ပျိုးထောင်စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဧက၁၀၀စိုက်ခင်းရှိ ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အကောင်အထည်ဖော်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင်ဧက ငါးသိန်း စိုက်ပျိုးသွားမည်ဖြစ်ရာ ပြည်နယ်တစ်ခုလုံးအနေဖြင့် ၂၀၀၇ခုနှစ်တွင် ဒုတိယအကြိမ်ဆက်လက်စိုက်ပျိုးရန် ပျိုးပင်စုစုပေါင်း ၄၀၄၅၃၃သမ၅၄ ဧကစာ ပြုစုပျိုးထောင်ထားပြီးဖြစ်ကြောင်းနှင့် သတ်မှတ်ဧကပြည့်မီအောင်မြင်ဖြစ်ထွန်းရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆရာတော် အရှင်ဇဝန ဓမ္မလတရားပွဲခဥ္စ

ရန်ကုန် မေ ၃၀

အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ) ဆရာတော်သည် ဇွန် ၁ ရက်မှ ၃ ရက် အထိ မုံရွာမြို့၊ ၄ ရက်မှ ၆ ရက်အထိ ဘိုကလေးမြို့၊ ၇ ရက်မှ ၁၂ ရက်အထိ ကျိုက်ပိ၊ ၁၅ ရက်မှ ၂၁ ရက်အထိ နတ်တလင်းမြို့၊ ၂၂ရက်တွင် ဆင်တဲ၊ ၂၃ ရက်မှ ၂၅ ရက်အထိ အောင်လံမြို့၊ ၂၇ ရက်မှ ၃၀ ရက်အထိ တောင်သာမြို့တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။

(က-ပ)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင် အနီး) အမှတ် ၂၉၇ နီလာ ၆ လမ်း (ဂ) ရပ်ကွက် မြောက်ဥက္ကလာနေ ဦးထွန်းမြင့် အဆောက်အအုံလိုင်စင် အင်ဂျင်နီယာ(ငြိမ်း)က ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူးဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မေ ၂၆ ရက်က မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ စံပြမူကြိုနှင့် ပူးပေါင်း ဖွင့်လှစ်သည့် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ ပညာရေးတက္ကသိုလ် လေ့ကျင့် ရေး ကျောင်းဝင်းအတွင်းရှိ အနာဂတ်ပျိုးခင်း မူကြိုကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းဆင်းပွဲနှင့် ပဒေသာကပွဲကို လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ကွန်ဖရင့်ဟော၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်(ငြိမ်း)က ကျောင်းဆင်းလက်မှတ်ပေးအပ်စဉ်။

(က-ပ)

ကချင်ပြည်နယ် ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

နေပြည်တော် မေ ၃၀

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် မေ ၂၈ရက် နံနက်ပိုင်းတွင် ကချင်ပြည်နယ်ဝိုင်းမော်မြို့ရှိ မြို့နယ်ငါးလုပ်ငန်းစခန်းသို့ရောက်ရှိကြရာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအယ်ဒူးရိမ် ရှင်းလင်းတင်ပြချက်အပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့နယ်ငါးလုပ်ငန်းစခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မျိုးစိုက်ထည့်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် နံနက်၉နာရီတွင် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်း မင်္ဂလာမဏ္ဍပ်၌ကျင်းပသည့် ၂၀၀၇-၂၀၀၈ ကချင်ပြည်နယ် ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားကာ ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနက ငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး၊ ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီးနှင့် တက်ရောက်လာကြသူများက ငါးမျိုးစုံ ငါးမျိုးငါးသိန်းကျော်ကို မျိုးစိုက်ထည့်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် မန္တလေးတိုင်း မိတ္ထီလာမြို့ သဖန်းစံပြကျေးရွာရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက် ပစ္စည်းလုပ်ငန်း သဖန်းသိုး မွေးမြူရေးရှေ့ပြေးစီမံကိန်းခြံသို့ရောက်ရှိသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ရှေးဦးစွာစီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးများအား မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသန်းရွှေက ခြံသမိုင်းကြောင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နိုင်ငံတော်၏ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သိုး၊ ဆိတ် မွေးမြူရေးလုပ်ငန်းကို ဒေသမျိုးများမှ မျိုးမြှင့်တင် ဆောင်ရွက်သွားရန်လိုကြောင်း၊ သိုး၊ ဆိတ်မွေးမြူရေး စီမံကိန်းလျာထားချက်များကိုယခုဘဏ္ဍာရေးနှစ်စားကျက်သီးနှံများ စိုက်ပျိုးချိန်မှ စတင်မွေးမြူသွားရန်လိုကြောင်း၊ သိုး၊ ဆိတ် အစားအစာများဖြစ်သည့် မြက်မျိုးများအပြင် စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များကိုတိုးချဲ့စိုက်ပျိုးသွားရန် မှာကြားပြီး သိုး၊ ဆိတ်အစားအစာများဖြစ်သည့် ဆာဖယ်မြက်၊ ပါရာမြက်၊ဘာဒ်ဝုဒ်မြက်၊ နေပီယာမြက်၊ ဆစ်ခနယ်မြက်၊ ဂီနီမြက်နှင့် စတိုင်လိုပဲစသည့် သရုပ်ပြစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တူရကီနှင့် အီရတ်နယ်စပ် တင်းမာမှုများ ပိုမိုကြီးထွား

မြန်မာ့အလင်း

အင်တာနက် ဖောင်ပိတ်သတင်း

အန်ကာရာ မေ ၃၀

တူရကီနိုင်ငံ အန်ကာရာမြို့၌ မကြာမီက ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် တူရကီစစ်တပ်က ကာဒ့်သူပုန်များ၏လက်ချက်ဟုဆိုကာ နှိမ်နင်းတိုက်ခိုက်ရန် စစ်ရေးပြင်ဆင်လျက်ရှိသည်။

စွပ်စွဲ

တူရကီအစိုးရက အန်ကာရာမြို့၌ ပေါက်ကွဲခဲ့သော မြေမြှုပ်မိုင်းနှင့် အသေခံဗုံးခွဲတိုက်ခိုက်မှုများကို ပီကေကေ သူပုန်အဖွဲ့၏ လက်ချက်ဟု စွပ်စွဲထားသည်။

ယင်းကဲ့သို့ ဗုံးပေါက်ကွဲမှုများကြောင့် ကာဒ့်သူပုန်များကို ထိန်းချုပ်ရန် တင့်ကားအစီး ၂၀ခန့် တူရကီအရှေ့တောင်ပိုင်းမှ အီရတ်နယ်စပ်သို့ ထွက်ခွာသွားသည်ဟု ဆိုသည်။

အခြေအနေ

ထိုသို့ တူရကီတင့်ကားများ အီရတ်နယ်စပ်သို့ ဝင်ရောက်လာသဖြင့် အီရတ်နိုင်ငံအတွင်း အခြေအနေ ပိုမိုရှုပ်ထွေးလာနိုင်ကြောင်း အမေရိကန်က ဆိုသည်။

နီပေါ၌ဗုံးပေါက်ကွဲ ကိုးဦးသေဆုံး

ခတ္တမန္ဒူ မေ ၃၀

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ အနောက်ဘက် ၁၇၅ ကီလိုမီတာအကွာ ပါပါခရိုင် ဂိုသာရီကျေးရွာ၌ မေ ၃၀ ရက်က ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ကိုးဦး သေဆုံးသွားကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် မိသားစုဝင် ငါးဦးသေဆုံးပြီး ညေ့သည်လေးဦး သေဆုံးသွားခဲ့သည်ဟု ဆိုသည်။

NLD ပါတီအပေါ်စိတ်ဝင်စားမှုမရှိ၊ ယုံကြည်မှုမရှိ ပါတီ၏လုပ်ရပ်များကို ထောက်ခံမှုမရှိတော့သဖြင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင်သုံးဦးစုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၃၀

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကျောက်ဖြူကျေးရွာမှ စည်းရုံးရေးမှူး ဦးသိန်းအောင်၊ ဦးဇော်ဝင်းလေးနှင့်ဦးစောမြင့်တို့ သုံးဦးသည် ဇန်နဝါရီ ၁၅ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်းငင်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့ခြင်း၊ ယုံကြည်မှုမရှိတော့ခြင်းနှင့် NLD ပါတီ၏ လုပ်ရပ်များကို ထောက်ခံမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

လာလီဂါဖလား မည်သည့်အသင်း ဆွတ်ခူးမည်နည်း

မက်ဒရစ် မေ ၃၀

ဥရောပလိဂ် ဘောလုံးပြိုင်ပွဲအချို့ ပြီးဆုံးသွားခဲ့ပြီးဖြစ်သော်လည်း စပိန်လာလီဂါ မာရသွန်ခရီး ပန်းအဝင်သည် ယှဉ်ပြိုင်မှုများနှင့် ပြင်းထန်နေဆဲပင်ဖြစ်သည်။

အကြိတ်အနယ်

ယခု လာလီဂါ ပွဲစဉ်(၃၆) ကစားပြီးဖြစ်သော်လည်း လာလီဂါဖလား ရရှိရေးသည် ပြတ်သားသောရလဒ် မထွက်ပေါ်သေးဘဲရှိနေရာ ပွဲစဉ်များပြီးဆုံးချိန်အထိ ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့က အကြိတ်အနယ် ယှဉ်ပြိုင်နေလျက်ရှိသည်။

အားစိုက်နေ

လာလီဂါလက်ရှိချန်ပီယံ ဘာစီလိုနာသည် သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ရေးအတွက် ကြိုးစားနေသလို ယခုနှစ်ရာသီကုန်၌ ခြေမှန်ပြန်ရလာသော ရီးရဲမက်ဒရစ်တို့ကလည်း ဘာစီလိုနာလက်မှ လာလီဂါဖလား ပြန်လည်ရယူရေးကို အားစိုက်နေပြီဖြစ်သည်။

ဘာစီလိုနာသည် ယခုနှစ် လာလီဂါ၌ ၃၆ပွဲကစားပြီးချိန်တွင် ၂၁ ပွဲနိုင်၊ ကိုးပွဲသရေနှင့် ခြောက်ပွဲရှုံး ရလဒ်များရရှိထားပြီး စုစုပေါင်း ၇၁ ဂိုး သွင်းယူထားနိုင်သည်။

အားနည်း

ဘာစီလိုနာသည် ယခုနှစ်၌ အိမ်ကွင်းရလဒ်ကောင်းအောင် ကစားနိုင်ခဲ့သော်လည်း အဝေးကွင်းရလဒ်များ အားနည်းခဲ့သည်။ ဘာစီလိုနာတို့ ယခုနှစ် ဘောလုံးရာသီတွင် လာလီဂါပွဲစဉ်များ အိမ်ကွင်း၌ကစားခဲ့ရာ ရှုံးပွဲလုံးဝမရှိခဲ့ချေ။ နိုင်ပွဲ ၁၄ ပွဲနှင့် သရေပွဲလေးပွဲ ကစားနိုင်ကာ ရှုံးပွဲမရှိခဲ့ခြင်းဖြစ်သည်။

ဂိုးသွင်းယူ

ဘာစီလိုနာအား အောင်မြင်မှုရရှိအောင်စွမ်းဆောင်မှုများ ပေးနေသူများမှာ တိုက်စစ်မှူးများ ဖြစ်ကြသည့် ရော်နယ်ဒင်ဟို၊ အီတိုးနှင့် မက်ဆီတို့ဖြစ်သည်။ ရော်နယ်ဒင်ဟိုသည် ယခုအချိန်အထိ ဂိုးပေါင်း ၂၀ သွင်းယူထားနိုင်သလို အီတိုးက ၁၁ ဂိုးနှင့် မက်ဆီက ၁၀ ဂိုး သွင်းယူပေးထားနိုင်ခဲ့သည်။

အားကောင်း

တိုက်စစ်အပိုင်းတွင် ရီးရဲမက်ဒရစ်တို့ထက် ဘာစီလိုနာတိုက်စစ်က အားပိုကောင်းသည်။ ဘာစီလိုနာတွင် ဂုတ်ဂျွန်ဆင်နှင့် ဆာဗီရိုလာတို့ကလည်း ဂိုးသွင်းနိုင်ကြသူများဖြစ်ရာ လက်ကျန်ပွဲစဉ် နှစ်ပွဲအတွက် ဘာစီလိုနာ အခက်အခဲမရှိနိုင်ချေ။

ကစားရမည်

ဘာစီလိုနာသည် လက်ကျန်ပွဲစဉ်နှစ်ပွဲအဖြစ် ဇွန် ၁၀ ရက်၌ အိမ်ကွင်းတွင် အက်စ်ပန်းညိုနှင့် ကစားရမည်ဖြစ်သလို ဇွန် ၁၇ ရက်၌ ဂျင်နက်စတစ်နှင့် အဝေးကွင်း၌ ကစားရမည်ဖြစ်သည်။ အက်စ်ပန်းညိုနှင့် ဂျင်နက်စတစ်တို့ကို ဘာစီလိုနာတို့ ကောင်းကောင်း ဖြတ်ကျော်နိုင်သည့် ခြေစွမ်းရှိသည်။

သို့သော် ဘာစီလိုနာတို့အတွက် ထိခိုက်မှုတစ်ရပ်မှာ အသင်း၏ အားထားစရာ တိုက်စစ်မှူး ရော်နယ်ဒင်ဟို ပွဲပယ်ပြစ်ဒဏ် တစ်ပွဲပယ် ခံရခြင်းဖြစ်သည်။ ပြီးခဲ့သည့် မေ ၂၆ ရက်က

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာစီလိုနာအသင်း၏ အဓိက အားထားရသော တိုက်စစ်မှူး ရော်နယ်ဒင်ဟို။
(ဓာတ်ပုံ-အင်တာနက်)

ကစားခဲ့သော ဂီတာဖေးနှင့် ပွဲတွင် ဂီတာဖေးနောက်ခံလူ ဒေးဗစ်ဘီလန်ဂူရာကို ကန်ခဲ့မှုကြောင့် အနီကတ်ပြ အထုတ်ခံရသဖြင့် ပွဲပယ်ပြစ်ဒဏ်ခံရမည်ဖြစ်သည်။

ပိုင်ဆိုင်

ထို့ကြောင့် ဘာစီလိုနာတို့ လက်ကျန် နှစ်ပွဲတွင် တစ်ပွဲ၌ ရော်နယ်ဒင်ဟို မပါနိုင်တော့ချေ။ သို့သော် ဘာစီလိုနာတို့ နှစ်ပွဲစလုံး အနိုင်ရဖွယ်ရှိသည့် ခြေစွမ်းပိုင်ဆိုင်ထားသည်။

ရီးရဲမက်ဒရစ်အတွက် ဂိုးများ ဆက်တိုက်သွင်းယူပေးနေသော တိုက်စစ်မှူး နစ္စတယ်ရွိုင်း။
(ဓာတ်ပုံ-အင်တာနက်)

ထို့အတူ ဘာစီလိုနာနှင့် ပွဲတူ၊ အမှတ်တူဖြစ်နေသော ရီးရဲမက်ဒရစ်ကလည်း လက်ကျန်နှစ်ပွဲကစားရန်ရှိနေရာ ဇွန် ၁၀ ရက်၌ အဝေးကွင်းတွင် ဇာရာဂိုဇာနှင့် ကစားရမည်ဖြစ်သလို နောက်တစ်ပွဲမှာ ဇွန် ၁၇ ရက်၌ အိမ်ကွင်းတွင် မာလော့ကာနှင့် ကစားရမည့်ပွဲ ဖြစ်သည်။

ရလဒ်မကောင်း

ယခုနှစ်ဘောလုံးရာသီအစ၌ ခြေစွမ်းမပြနိုင်ခဲ့သော ရီးရဲမက်ဒရစ်အသင်း စည်းလုံးညီညွတ်မှု အက်ကြောင်းထင်ခဲ့သည့်အပြင် အသင်း၏အဓိက ကစားသမားများ အသင်းမှ စွန့်ခွာခဲ့မှုတို့ကြောင့် ပွဲတိုင်းရလဒ်မကောင်းခဲ့ချေ။ တိုက်စစ်မှူး ရော်နယ်ဒိုနှင့် ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းတို့၏ အသင်းပြောင်းရွှေ့မှု ကိစ္စများသည် အသင်း၏ရလဒ်အပေါ် ထိရောက်မှုရှိခဲ့သည်။ သို့သော် နောက်ပိုင်း ပွဲစဉ်များ၌ ဒေးဗစ်ဘက်ခမ်း အသင်းတွင် ပြန်လည်ကစားလာမှုနှင့် နစ္စတယ်ရွိုင်း၏ ဂိုးသွင်းအား ကောင်းမှုတို့ကြောင့် ပွဲရလဒ်များကောင်းလာခဲ့ပြီး လက်ရှိအချိန်၌ လာလီဂါ တန်းစီဇယားတွင် ထိပ်ဆုံးသို့ရောက်ရှိနေသည်။

အနိုင်ကစားနိုင်

လက်ကျန်နှစ်ပွဲစလုံးကို ရီးရဲမက်ဒရစ်တို့ အနိုင်ကစားနိုင်သည့်ခြေစွမ်း ရရှိနေသလို စုစည်းမှု အားလည်း ကောင်းလာရာ ၎င်းနှစ်ပွဲစလုံးကို ရီးရဲမက်ဒရစ်တို့ အနိုင်ရအောင် ကစားသွားနိုင်သည်။

ရီးရဲမက်ဒရစ်နည်းပြ ကာပယ်လိုကလည်း ယခုနှစ်၌ ရီးရဲမက်ဒရစ်ဖလား ရရှိရေးကို အထူးကြိုးစားပေးနေရာ အသင်းအောင်မြင်မှုရရှိရေးအတွက် အကောင်းဆုံး နည်းဗျူဟာများ ခင်းကျင်းနေသည်။

စိတ်ဝင်စားဖွယ်

ထို့ကြောင့် လက်ကျန်နှစ်ပွဲသာရှိတော့သည့် လာလီဂါပွဲစဉ်များအပြီးတွင် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့ မည်သည့်အသင်း ဖလားရရှိမည်ဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေပါကြောင်း။ **(ကိုးကား-အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

အင်တာနက် အားကစားသတင်း အတိုအထွာ

* **အဲဗာတန်က ရက်ဖ်ီးယူနိုက်တက်အသင်းမှ ဂျာဂျီကာအား ပေါင်လေးသန်းဖြင့် ခေါ်ယူရန်ကြိုးစားနေကြောင်း သိရသည်။**

* ပရီမီယာလိဂ်သို့ တန်းတက်လာသော ဒါဘီအသင်းမှ နည်းပြဘီလီဒေးဗီးစ်သည် လာမည့်ရာသီတွင် အသင်း၌ဆက်နေသွားရန် ၎င်းကကတိပြု ပြောကြားလိုက်သည်။

* **ဝေလအသင်းခေါင်းဆောင် ရိုင်ယန်ဂစ်သည် ဇွန် ၂ ရက်တွင် ချက်နှင့် ကစားမည့် ယူရို ၂၀၀၈ ခြေစစ်ပွဲတွင် အနိုင်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။**

* ချယ်လ်ဆီးမှ အာဂျင်တီးနားတိုက်စစ်မှူး ခရက်စပိုအား အင်တာမီလန်အသင်းက ဒုတိယရာသီအဖြစ် ဆက်လက်ငှားရမ်းသွားမည်ဟု ဆိုသည်။

* **ရော်လ်ကေးအသင်းမှ ဂိုးသမားမာနူရယ်နီယာသည် ဂျာမန်ဘွန်ဒက်စ်လီဂါတွင် အကောင်းဆုံးဂိုးသမားအဖြစ် ရွေးချယ်ခံရသည်။**

(အင်တာနက်)

ဟာဒီနန်နှင့်ဒေါ်လ်ဆင် အင်္ဂလန်အသင်း ပွဲစဉ်နှစ်ပွဲနှင့် လွဲမည်

လန်ဒန် မေ ၃၀

အင်္ဂလန်နောက်တန်းကစားသမား ဖာဒီနန်နှင့် မိုက်ကယ်ဒေါ်လ်ဆင်တို့သည် ဘရာဇီးနှင့် အက်စ်တိုးနီးယားတို့နှင့် ကစားမည့်ပွဲများတွင် ပေါင်ခြံဒဏ်ရာရထားကြသဖြင့် ပါဝင်လိမ့်မည်မဟုတ်ကြောင်း အင်္ဂလန်အသင်း တာဝန်ရှိသူများက ပြောကြားသည်။

လီဗာပူးနောက်တန်းကစားသမား ကာရေဂါသည် သောကြာနေ့တွင် ဝင်ဘလေကွင်း၌ ဘရာဇီးနှင့် ချစ်ကြည်ရေးကစားမည့်ပွဲ၊ ဇွန် ၆ ရက်တွင် အက်စ်တိုးနီးယားနှင့်ကစားမည့် ယူရိုခြေစစ်ပွဲများတွင် ပါဝင်ကစားလိမ့်မည်ဖြစ်သည်။

လေ့ကျင့်

ဒေးဗစ်ဘက်ခမ်းသည် အဆိုပါပြိုင်ပွဲနှစ်ရပ်စလုံးတွင် ပါဝင်ကစားရန် အင်္ဂလန်အသင်းကစားသမားများနှင့် လေ့ကျင့်နေပြီဖြစ်သည်။

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဘက်ခမ်းသည် တော့တင်ဟမ်အသင်းမှလီဒွန် ဒူးဒဏ်ရာရခဲ့သဖြင့် ပါဝင်ကစားရန် အခွင့်အရေးပိုရသွားသည်။

ဂယ်ရီနဗီးစ်၊ အက်ရှ်လေကိုး၊ ဂျိုနသန်ဝုဒ်ဂိတ်၊ ရစ်ချက်တို့လည်း အင်္ဂလန်အသင်း၌ ပါဝင်မည်မဟုတ်ပေ။

အင်္ဂလန်နောက်တန်းမှ လက်ရွေးစင်လေးဦးခန့် ပြိုင်ပွဲနှင့်လွဲနေ၍ နည်းပြမက်ကလာရင်အဖို့ အင်္ဂလန်နောက်တန်းအတွက် စိတ်မသက်မသာဖြစ်နေသည်။ **(အင်တာနက်)**



အင်္ဂလန်အသင်းမှ ဖာဒီနန် (ဝဲ) နှင့် ဒေါ်လ်ဆင်။
(ဓာတ်ပုံ-အင်တာနက်)

ရေးသားသူ
မြင့်မောင်စိုး

မန်ယူသို့ ရောက်ရှိလာမည့် အိုဝင်ဟားဂရေ့ဗ်။
(ဓာတ်ပုံ-အင်တာနက်)

ဟားဂရေ့ဗ်မန်ယူသို့ ရောက်ရှိရေး ရာနှုန်းပြည့်နီးစပ်နေပြီ

လန်ဒန် မေ ၃၀

အိုဝင်ဟားဂရေ့ဗ်သည် လာမည့်သီတင်းပတ်အတွင်း မန်ယူသို့ပြောင်းရွှေ့ရေး အပြီးသတ်ဆွေးနွေးနိုင်မည်ဟု ၎င်းကမျှော်လင့်ထားသည်။

သဘောတူညီ

မန်ယူက ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား ဟားဂရေ့ဗ်အား ပေါင် ၁၇ သန်းဖြင့် ပြောင်းရွှေ့ကြေးပေးခေါ်ယူရန် သဘောတူညီထားပြီဖြစ်သည်။

ဆေးစစ်

ဟားဂရေ့ဗ်သည် ပြီးခဲ့သောသီတင်းပတ်က မန်ယူ၌ဆေးစစ်ခဲ့သည်။ တရားဝင်စာချုပ်ရန်သာ ရှိတော့သည်။ အနည်းဆုံး သုံးနှစ်နှင့်လေးနှစ် မန်ယူက စာချုပ်နိုင်သည်။

ပြန်လာမည်

အသက်(၂၆)နှစ်ရှိ အဆိုပါကစားသမားသည် မေ ၂၉ ရက်က ၎င်း၏ မိသားစုများရှိရာ ကနေဒါသို့ အလည်ပြန်သွားသည်။ လာမည့်သီတင်းပတ် အစောပိုင်းတွင် မန်ယူသို့ ပြန်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

မန်ယူက ၎င်းအား ပြီးခဲ့သောနွေရာသီနှင့် ဇန်နဝါရီလက ခေါ်ယူရန် ကြိုးစားခဲ့ရာ မအောင်မြင်ခဲ့ပေ။

ဆွတ်ခူး

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘိုင်ယန်မြူးနစ်၌ ၁၀ နှစ်ကြာ ကစားခဲ့၍ လိဂ်ဖလားခြောက်လုံးဆွတ်ခူးပြီး ၂၀၀၁ ခုနှစ်က ချန်ပီယံလိဂ်ဆုဖလားပါ ဆွတ်ခူးပေးနိုင်ခဲ့သည်။ (အင်တာနက်)

ပရီမီယာလိဂ်ဒိုင်လူကြီး ဂရေဟမ်ပူးလ် ဒိုင်လူကြီးအဖြစ်မှ အနားယူတော့မည်

လန်ဒန် မေ ၃၀

ပရီမီယာလိဂ်ဒိုင်လူကြီး ဂရေဟမ်ပူးလ်သည် ဒိုင်လူကြီးအဖြစ်မှ အနားယူတော့မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

နောက်ဆုံးပွဲ

၎င်းသည် လာမည့် ဖင်လန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ကစားမည့် ယူရိုခြေစစ်ပွဲတွင် နောက်ဆုံးပွဲအဖြစ် ဒိုင်လူကြီးတာဝန် ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ခရိုအေးရှားအသင်းမှ ဂျိုးဆစ်ဆီမြူနစ်အား အဝါကတ်သုံးကတ်ပြခဲ့ခြင်းသည် ဂရေဟမ်ပူးလ်အတွက် မမေ့နိုင်သော အမှတ်တရ အဖြစ်အပျက်တစ်ခုဖြစ်လိမ့်မည်ဖြစ်သည်။

စတင်ခဲ့

ပူးလ်သည် ၁၉၉၅ ခုနှစ်က ပရီမီယာလိဂ်တွင် ဒိုင်လူကြီးတာဝန် စတင်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ယူရို ၂၀၀၀နှင့် ၂၀၀၂၊ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲများတွင်လည်း ဒိုင်လူကြီးတာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် ဒါဘီနှင့် ဝက်စ်ဘရွန်းအသင်းတို့ မေ ၂၈ရက်က ပရီမီယာလိဂ်တန်းတက် နေရာလုပွဲတွင်လည်း ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

(အင်တာနက်)

အနားယူတော့မည့် ဒိုင်လူကြီး ဂရေဟမ်ပူးလ်။
(ဓာတ်ပုံ-အင်တာနက်)

မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု လုပ်အားကုသိုလ်ပြုပွဲ ကျင်းပ

ညောင်ဦး မေ ၁၅

ညောင်ဦးခရိုင် ညောင်ဦး(ပုဂံ)မြို့နယ်တွင် (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၃ရက်နှင့် ၄ရက်က လောကနန္ဒာ စွယ်တော်ဘုရား **(ဝဲပုံ)** နှင့်ရွှေစည်းခုံဘုရားတို့၌ နံနက် ၆နာရီမှ ၁၀နာရီအထိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးမှူး ဦးယဉ်ကျော့၊ အရန်မီးသတ်ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ကျော်၊ မြို့နယ် မီးဘေးတားဆီးရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းငွေ၊ တပ်ခွဲမှူး၊ တပ်စုမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဘုရားအတွင်း အပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အားပေး

အဆိုပါ လုပ်အားကုသိုလ်ပြုပွဲကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကံထူးနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုးမဟာစည်သာသနာ့ရိပ်သာအတွင်း၌ ဆိတ်ငြိမ်အခိဋ္ဌာန် နှစ်ပါးဆောင် ရေချိုးခန်း၊ အိမ်သာဗိုလ်ထိုင်နှင့် မျက်နှာသစ်ခွက်အတွက် အလှူငွေကျပ် ၆၅သိန်းကို ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်း တော်ဝင်မဟာ ဦးဆွေတင့်-ဒေါ်ရင်စန်း၊ သားသီဟကို မိသားစုက အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နွေရာသီသင်တန်းပေါင်းစုံဆင်းပွဲ သံဖြူဇရပ်၌ ကျင်းပ

သံဖြူဇရပ် မေ ၁၅

သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော နွေရာသီသင်တန်းပေါင်းစုံ ဆင်းပွဲအခမ်းအနားကို မေ၇ရက် နံနက်ပိုင်းက သံဖြူဇရပ်မြို့ အထက(၁)ပညာ့ဗိမာန်ခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ သင်တန်းနည်းပြဆရာများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

သံဖြူဇရပ်မြို့နယ်တွင် နွေရာသီသင်တန်းပေါင်းစုံဖွင့်ပွဲကို မေ ၁ရက်မှ စတင်ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးခဲ့ပြီး စာကြည့်တိုက်ပညာသင်တန်း၊ အခြေခံရေးဦးပြုစုခြင်းသင်တန်း၊ အခြေခံမီးသတ်သင်တန်း၊ စက်ချုပ်သင်တန်း၊ အေရိုးဗစ်သင်တန်းနှင့် အားကစားသင်တန်းများကို ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းတွင် စာကြည့်တိုက်ပညာ သင်တန်းထူးချွန်ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်**(အပေါ်ပုံ)**က လည်းကောင်း၊ ကြက်ခြေနီနှင့် မီးသတ်သင်တန်း ထူးချွန်ဆုများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ညိုလှကလည်းကောင်း၊ အေရိုးဗစ်သင်တန်း အားကစားသင်တန်းထူးချွန်ဆုကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက လည်းကောင်း၊ သင်တန်းပေါင်းစုံ၏ သင်တန်းဆင်းလက်မှတ်များကို မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုးနိုင်ကလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းရှူးမြို့နယ်၌စီမံကိန်းတာဝန်ပေးအပ်

မိုင်းရှူး မေ ၂၂

လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ၂၀၀၇-၂၀၀၈ခုနှစ်အတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ၁၄ရက် နံနက်၁၀နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုဥက္ကဋ္ဌများ စုံညီစွာ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းတာဝန်များကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌများသို့ ပေးအပ်သည်။ ထို့နောက် မြို့နယ် စီမံကိန်းဦးစီးမှူး ဦးအောင်ကျော်သိုက်က စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆီဆိုင်မြို့၌ ချိုင့်ခွက်များရှင်းလင်း

ဆီဆိုင် မေ ၁၅

ဆီဆိုင်မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ အငယ်တန်း အင်ဂျင်နီယာ(၂)ဦးခွန်အောင်ငြိမ်းဦးဆောင်သော ဝန်ထမ်းများ စုပေါင်း၍ ဧပြီ၂၄ရက်က လမ်းဘေးရေမြောင်းများ၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းဘေးဝဲယာ ချိုင့်ခွက်များ ရှင်းလင်းခြင်း တို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်ခ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**



မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ခဲ့သော မော်လမြိုင်ကျွန်း-တယ်ချောင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မီးသွေးဖိုချောင်းကူးသစ်သားတံတားတည်ဆောက်ပြီးစီးမှုကို ဧပြီ ၂၃ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သန်းသန်းမြတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျေးရွာချင်းဆက် တံတားတည်ဆောက်

ရေး မေ ၂၀

ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်း ကျေးရွာချင်းဆက် လမ်းများကောင်းမွန်ရေးအတွက် ချောင်းတောင်-ဝဲရက် လမ်းပေါ်ရှိ အုတ်ခုံသစ်သား တံတားတည်ဆောက်ခြင်းကို မေ၃ရက်က အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းတံတားသည် အရှည်ပေ ၂၀၊ အကျယ် ၁၄ပေ နှင့် အမြင့်ကိုးပေရှိပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အတွင်း အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုးစပါးနှင့်တစ်မိုးနှစ်သီးပြည့်မီရေး ခရိုင်ဥက္ကဋ္ဌ လယ်သမားများနှင့် ဆွေးနွေး

ကျောင်းကုန်း မေ ၂၅

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာရှိ စိတ္တသုခ ဘုန်းတော်ကြီးကျောင်း၌ မေ၁၂ရက် ညနေ ၃နာရီက ကျောင်းကုန်းမြို့နယ် မိုးစပါးလျာထားဧက ၁၁၅၁၈၈ဧကနှင့် တစ်မိုးနှစ်သီးဧက ၁၆၀၀ ပြည့်မီရေးအတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဝင်းက သဲကုန်းကျေးရွာနှင့်ကံကလေးကျေးရွာ လယ်သမားများနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

(အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်းနှင့် စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးသိန်းထွန်းတို့တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေး

ကျောက်တံခါး မေ ၂၂

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာ အကောင်အထည်ဖော်ရေး စီမံချက်အရ ကိုးလမှငါးနှစ်အောက် ကလေးများအားလုံး ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း ဖွင့်ပွဲ အခမ်းအနားကို မေ ၁၄ရက် နံနက်က ဈေးပိုင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ မြို့နယ်ကျန်းမာရေးဦးစီးဌာနသည် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ တစ်မြို့နယ်လုံးရှိ ကိုးလမှငါးနှစ်အောက်ကလေး ငယ်ပေါင်း ၃၂၅၁၉ဦးတို့ကို ဆေးထိုးအဖွဲ့ ၃၇ဖွဲ့ဖြင့် စုရပ် ၃၀၈နေရာခွဲ၍ ကာကွယ်ဆေးထိုးနှံပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဗိုလ်ရာညွှန့်လမ်း ကံ့ကော်အိမ်ရာအမှတ်(၆၀) တိုက် ၉-၆/AB နေ ကျောင်းဒါယကာ ဦးကိုလေး-ကျောင်းဒါယိကာမ ဒေါ်အုန်းကြည် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကား ဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စည်/ပင် ညွှန်မှူး သုံးခွမြို့၌ လုပ်ငန်းစစ်ဆေး

သုံးခွ မေ ၂၇

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်သည် မေ ၂၃ရက်က သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဋ္ဌေးနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မန္တလေးတိုင်း ဇီဝဂမြို့မြောက်ဘက်ပိုင်း... မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏အဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး) အတွက် ရန်ကုန်မြို့ ဋ္ဌေးကြွယ်ရပ်ကွက် မေဏ္ဍကလမ်းအမှတ်(၁၂)နေ ဦးခင်မောင်ညို-ဒေါ်ခင်အေးသိန်း၊ သား ဒေါက်တာ အောင်သူရိန်၊ သမီး ဒေါက်တာ ရွှေဝတ်မှုန်၊ မြေး သူသူသင်း မိသားစုတို့က ကျောင်းအလှူငွေကျပ်တစ်သိန်းကို အထွေထွေအတွင်းရေးမှူး ဆရာတော်အရှင်ဥက္ကဋ္ဌ(မြစ်ကြိုး)၏ ရှေ့မှောက်တွင်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် သီရိသုမင်္ဂလာ ဒေါ်မြရှင်က လက်ခံယူစဉ်။ (က-ပ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ စည်ပင်သာယာရေးအဖွဲ့၏ မြို့ဝင်ဆိုင်းဘုတ် ဆောင်ရွက်ထားမှုကို ဧပြီ ၂၉ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးခင်မောင်မြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဆီဆိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ပန်းအလှပြင်နှင့်သစ်သီးအလှပုံဖော် သင်တန်းဖွင့်

ဆီဆိုင် မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် ပန်းအလှပြင်နှင့် သစ်သီးအလှပုံဖော် အိမ်တွင်းမှုလုပ်ငန်း သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက် နံနက် ၈ နာရီက ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းဝေးခန်းမတွင် ကျင်းပရာ မြို့မခြောက်ရပ်ကွက်မှ သင်တန်းသူ ၃၅ဦးတို့နှင့်အတူ ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ပြသ

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးမြစီက အဖွင့်အမှာစကား ပြောကြားပြီး ပန်းအလှပြင်နှင့် သစ်သီးအလှပုံဖော် သင်တန်း နည်းပြ ဆရာမများက ပန်းအလှသဘာဝပုံဖော်မှုလုပ်ငန်းကို လက်တွေ့ သင်ကြားပြသပေးကြသည်။ **(ဝ၄၈)**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်သာကျောက်ထုတ်လုပ်ငန်းမှလမ်းခင်းကျောက် များ ကို စက်ယန္တရားကြီးများဖြင့် ထုတ်လုပ်မှုကို မေ ၈ရက်က စည်ပင်သာယာရေး ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် လုပ်ငန်းခွင်အတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် အင်ဂျင်နီယာမှူး ဦးမြင့်အောင်တို့ မေ ၁ ရက်က ရပ်ကွက်များ ရေရရှိရေးအတွက် အဖွဲ့ပိုင်ရေစက်ရုံများ၊ ရပ်ကွက်များသို့ ရေပေးဝေသည့် ရေစင်နှင့် ရေပိုက်လိုင်းများကို ရေပေးရေးတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝေါတာမျိုးထင်မြင့်၊ ရပ်ကွက်အလိုက် လိုင်းတာဝန်ခံ ဝန်ထမ်းများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနား တမူး၌ကျင်းပ

တမူး မေ ၂၂

တမူးမြို့တွင် ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနားကို တမူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဧပြီ၇ရက် နံနက် ၉နာရီက ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှုဖေဝင်းကလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာဂရက်ချမ်းမှ ပေးပို့သောသဝဏ်လွှာကို (ခေတ္တ) မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ တွမ်ခန့်ဆွမ်ကလည်းကောင်း ဖတ်ကြားကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် တမူးမြို့နေ ဦးအဲဆောင်း၊ ဒေါ်လှလှကြည်မိသားစု(အောင်ချမ်းရောင်းဝယ်ရေးကုမ္ပဏီ လီမိတက်)က ငွေကျပ်နှစ်သိန်းတစ်သောင်းတန် အောက်ဆီဂျင် ဆလင်ဒါတစ်လုံး လှူဒါန်းရာ မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝေလင်းက လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ **(၄၁၇)**

စီမံကိန်း တာဝန်ပေးအပ်ပွဲ ပုလဲမြို့၌ကျင်းပ

ပုလဲ မေ ၂၅

ပုလဲမြို့နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ရက် မွန်းလွဲ ၁နာရီက ပုလဲရတနာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်အေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစိုးမြင့်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှရွှေတို့က စီမံကိန်းတာဝန်ပေးအပ်ရခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်အေးက ၂၀၀၇-၂၀၀၈ ခုနှစ် စီမံကိန်းတာဝန် ပေးအပ်လွှာများကို သက်ဆိုင်ရာ တာဝန်ရှိသူများသို့ ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ပျိုးပင်များ ပြုစုပျိုးထောင်မှုကို ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမောင်လှုနှင့် ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် ဦးစီးအရာရှိ ဦးသန်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်

မင်းကင်း မေ ၁၈

စစ်ကိုင်းတိုင်း ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ရပ်ကွက်၊ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်း (၁/၂၀၀၇) ဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက်က မင်းကင်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မင်းရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်က သင်တန်းဖွင့်ပွဲ အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၂ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ သင်တန်းသား ၆၄ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။**(မြို့နယ် ပြန်/ဆက်)**

ကျေးရွာစာဖတ်ဝိုင်းများ မိုင်းယောင်းမြို့နယ်၌ ကျင်းပ

မိုင်းယောင်း မေ ၂၅

မိုင်းဖြတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးဆမ်တစ်သည် မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ခမ်း လိုက်ပါလျက် မေ ၁၇ ရက်က မိုင်းယောင်းမြို့ ဝမ်ဟိုရန်းကျေးရွာ စာကြည့်တိုက်သို့ ရောက်ရှိကာ ကျေးရွာစာဖတ်ဝိုင်းကို ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး ဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက စာရေးဆရာချစ်နိုင်(စိတ်ပညာ)၏ တာဝန်သိခြင်းနှင့် စာဖတ်ခြင်း အလေ့အထ တိုးပွားမြှင့်တင်ကြပါစို့ ဆောင်းပါးကို ဖတ်ကြားသည်။ **(ဝဲပုံ)**

ထို့နောက် တက်ရောက်လာကြသူများက ပြန်လည်သုံးသပ်ဆွေးနွေးရာ ခရိုင်ဦးစီးအရာရှိက ပြန်လည် ရှင်းလင်းဆွေးနွေးသည်။ အလားတူ ပုံချို၊ ဝမ်ဖ ကျေးရွာများ၌လည်း ကျေးရွာစာဖတ်ဝိုင်းများ ကျင်းပခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေတောင်မြို့ ရွှေမျက်မှန်ဘုရားကြီး ဘုံခုနစ်ဆင့်သို့ လှူဒါန်းနိုင်

ရွှေတောင် မေ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့ သမိုင်းဝင်ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက် အထက်အဆင့်၌ ဘုံခုနစ်ဆင့်ဆောက်လုပ်လျက် ရှိနေပါသည်။ (ဓါတ်ပုံ)

လှူဒါန်းနိုင်

စေတနာရှင်၊အလှူရှင်များ အနေဖြင့် လှူဒါန်းလိုပါက ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးမင်းဆွေ ဖုန်း-၀၅၃-၅၅၃၈၇၊ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးဝိုင်းတင် ဖုန်း-၀၅၃-၅၅၃၆၃ နှင့်ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၃-၅၅၀၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံ များဆောက်လုပ်ရန်အတွက် ဗိုလ်တထောင် မြို့နယ် ဗိုလ်ချုပ်လမ်း အမှတ် ၁၆၅/၅နေ မသန္တာဃဉ်၏မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ်အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာအရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၃ရပ်ကွက် ရွှေဝါထွန်း ၂လမ်း အမှတ် ၁၈၉နေ စာရေးဆရာ မြသန်းစံ-ဒေါ်သီဂီမိုး မိသားစုက လစဉ်စုဆောင်းငွေကျပ် ၆၅၀၀၀၀ကို လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (၁၁၅)

သာသနာပြုကျောင်းတော်ကြီးဆောက်လုပ်ရန် ငွေများလှူဒါန်း

ဟားခါး မေ ၁၂

ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်မှ ချင်းတောင်တန်းသာသနာပြု ဆရာတော်ဘဒ္ဒန္တ တေဇောသာရ(ဓမ္မာစရိယ၊ ဘီအေ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်)သည် ဓမ္မာစရိယတန်းရောက် ချင်းတိုင်းရင်းသား ရဟန်းသာမဏေများ သီတင်းသုံး၍ ပညာသင်ကြားနိုင်ရန် ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး ရတနာလင်္ကာရ သာသနာပြုကျောင်းတော်ကြီးကို တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ်(၃၁၄) တာမွေဈေးအနီးတွင် ဆောက်လုပ်လျက်ရှိသည်။

ကျောင်းတော်ကြီးအတွက် တာမွေမြို့နယ်သမိန်ဗရမ်းလမ်း အမှတ်(၆)နေ ဦးလှမြင့်၊ ဒေါ်မြိုင်တို့အား ရည်စူး၍ ဦးကျော်နိုင်-ဒေါ်ခင်ခင်မြင့်၊သမီး ဆုဝေမွန်၊ ညီမ ဒေါ်ထားထားမြင့် (တံခွန်မိသားစု)တို့က ငွေကျပ်ခြောက်သိန်း၊ တာမွေမြို့နယ်၁၅၅လမ်းအမှတ်(၁၉)နေ ဦးပါအား ရည်စူး၍ ဒေါ်ရှုဝေ မိသားစုက ငွေကျပ် နှစ်သိန်း၊ ဥက္ကံမြို့သရက်ကုန်းရွာ ဦးထွန်းမောင်-ဒေါ်ခင်ညိုအား အမှူးထား၍ ဆရာလေး မသီရိနန္ဒာက ငွေကျပ်တစ်သိန်း၊လှည်းကူးမြို့ ပြည်တော်သာ စက်မှုကွက်နေ ဦးအောင်လွင်- ဒေါ်လှလှ မိသားစုက ငွေကျပ်တစ်သိန်း၊ လှည်းကူးမြို့နေ ဦးသိန်းအောင်-ဒေါ်ခင်ခင်ညွန့် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်ချစ်-ဒေါ်သန်းနွဲ့ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးဖိုးတိုးအား အမှူးထား၍ ဦးအောင်သန်း-ဒေါ်သိန်းဥ မိသားစုက ငွေကျပ် တစ်သိန်း၊ မောင်ဇော်မင်းအောင်-မကြည်သာတင် (စင်ကာပူနိုင်ငံ)က ငွေကျပ်တစ်သိန်း တို့ကို သာသနာပြုဆရာတော်ထံလှူဒါန်းခဲ့ကြသည်။

လှူဒါန်းနိုင်

ကျောင်းတော်ကြီး ပြီးစီးနိုင်ရန်အတွက် လှူဒါန်းလိုသော အလှူရှင်များသည် ချင်းတောင်တန်းသာသနာပြုဆရာတော် ဖုန်း-၀၉-၅၀-၁၁၄၂၀၊ ၀၁-၅၄၅၁၅၃ (ရန်ကုန်)နှင့် ၀၇၀-၂၁၁၃၂(ဟားခါး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော် ဘက်စုံပြုပြင်တည်ဆောက်ရန် အလှူငွေပေးအပ်

မော်လမြိုင် မေ ၂၈

မော်လမြိုင်မြို့သမိုင်းဝင်ကျိုက်သလ္လံစေတီတော်ဘက်စုံပြုပြင် တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲကို မေ ၂၆ရက်က မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံစေတီတော် ပရိဝုဏ်အတွင်း၌ ကျင်းပရာ အလှူရှင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် သစ္စာဥယျာဉ်လမ်း အမှတ် (၂၁)နေ ဒေါ်စန်းမြင့် မိသားစုက ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံရယူပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လှူဒါန်းနိုင်

ဆက်လက်၍ ငွေကျပ်တစ်သိန်းအထက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော် ဘက်စုံပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ လှူဒါန်းလိုသူများသည် ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၈နှင့် ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၆၈)

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မေ၅ ရက်က မြို့မဈေးတွင် မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးဦးချစ်မောင်ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ခနေဖြူမြို့ ရတနာသီရိလမ်း ကတ္တရာထပ်ပိုးလွှာသစ်မှင့် ငွေကျပ် ၃၆ သိန်းကျော်ဖြင့် အကုန်အကျခံဆောင်ရွက်

ခနေဖြူ မေ ၂၉

ရောဝတီတိုင်း မအူပင်ခရိုင် ခနေဖြူမြို့နယ်အတွင်းရှိ ရတနာသီရိလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ၂၇ရက် နံနက် ၁၀နာရီက အဆိုပါ ရတနာသီရိလမ်းသစ်ဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ စည်ပင်သာယာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရောဝတီတိုင်းစည်ပင်သာယာရေး အဖွဲ့မှတာဝန်ရှိသူများ၊ မြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရတနာသီရိလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်နှင့် ပတ်သက်သည့် အချက်အလက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးက ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ရတနာသီရိလမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနိုင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ရတနာ သီရိလမ်း ကတ္တရာထပ်ပိုးလွှာ လမ်းသစ်ကြီးကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းမှာ အလျားပေ ၇၀၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအဖွဲ့ ရန်ပုံငွေကျပ်သိန်း၃၆ဒသမ ၅၀ဖြင့် အကုန်အကျခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၀၈၅)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ် နယုန်လပြည့်ကျော် ၂ ရက် ၁-၆-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (နည်းပညာသုံး ဂျုံ၊ ပြောင်း၊ အာလူးအခြေခံ မုန့်ထုတ်လုပ်မှု အကြောင်း)

၁၁:၃၅ သုတကမ္ဘာ

၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (အအေးမိဖျားနာတုပ်ကွေးရောဂါ)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ဆေးလိပ်ကလေးတစ်တို)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုးပုလဲသူဇာ (ဝင်းဦး)
(၂) မိုး (တင်တင်မြ)
(၃) ကသစ်ပန်း (ကိုအံ့ကြီး)

၁၆:၂၅ ထီပေါက်စဉ်

၁၆:၃၀ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (စစ်ကိုင်းမြို့နယ် ကျောက်ကာကျေးရွာရဲ့ ထုတ်ကုန်တစ်မျိုး)

၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) အလှအပနှင့် ကျန်းမာရေး (ခေါင်းကြီး)
(၂) လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး (ဆောင်းပါးသရုပ်ဖော်)

၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈:၂၅ ကျေးလက်ဇာတ်လမ်း (စိုက်ဦးမှာ)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ဆေးပညာအတွက် ခေတ်မီရိုးရာ ဆေးဝါးကုထုံးများ- ဒုတိယပိုင်း- မောင်ဆုရှင်)

၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ဖျော်ဖြေခန်း (သစ္စာပန်း- ကာလပေါ်တူရိယာအဖွဲ့)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) လက်ကျန်ဘဝလေး ဆက်တော့မယ် (တိုးတိုးလွင်)
(၂) ခွဲခွာလို့ဖြင့် မနေချင် (ကိုမြသိန်း)
(၃) အလွမ်းတစ်ရာပန်းတစ်ရာ (မိမိလေး)

အနန္တဂုဏ်ရည်ကျောင်းဆောင်သစ် ကျောင်းလွှတ်ရေစက်ချ အလှူတော်မင်္ဂလာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့် ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အနန္တဂုဏ်ရည် နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် စံရိပ်ငြိမ်ရှိ အင်းလျားရွာသစ် ကျောင်းတိုက်ဝင်းအတွင်း ဆောက်လုပ်ပြီးစီးသွားသည့် အနန္တဂုဏ်ရည် နှစ်ထပ်ကျောင်းဆောင်သစ် ကျောင်းလွှတ်ရေစက်ချ အလှူတော် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၄

မြန်မာ့အလင်း ဆောင်းပါးနှင့် အားကစားအညွှန်း

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူ လူငယ်များ၏ ဘဝရှေ့ရေး မျှော်မှန်းချက်များ၊ လိုလားချက်များ၊ တန်ဖိုးထားမှုများ၊ အလားအလာများကို သိမြင်ပြီး နိုင်ငံ့လိုအပ်ချက်များနှင့် သဟဇာတဖြစ်အောင် ပေါင်းစည်းပေးရင်း နိုင်ငံ့အကျိုးပြု အဖိုးတန် လူ့စွမ်းအား အရင်းအမြစ်များဖြစ်လာအောင်၊ ပညာရည် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရအောင် စေတနာရှေ့ထား လေ့ကျင့်ပျိုးထောင်ပေးကြပါ။

လင်း(ပညာရေး)၏ ဆောင်းပါး (စာ–၄)

လာလီဂါဖလား မည်သည့်အသင်း ဆွတ်ခူးမည်နည်း

ဘာစီလိုနာအသင်း၏ အဓိက အားထားရသော တိုက်စစ်မှူး ရော်နယ်ဒင်ဟို။

ရီးရဲမက်ဒရစ်အတွက် ဂိုးများ ဆက်တိုက် သွင်းယူပေးနေသော တိုက်စစ်မှူး နစ္စတယ်ရွိုင်း။

ကမ္ဘာတစ်လွှားအားကစား (စာ–၁၃)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် စာအုပ်နှင့် စာရေးကိရိယာများလှူဒါန်းပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် မေ ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ်အဖြစ် စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှ၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်များနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက **“ကျောင်းအပ်နှံရေး”** သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က စာအုပ်နှင့်စာရေး

စာမျက်နှာ ၈ ကော်လံ ၆

မိုးလေဝသ အခြေအနေ (၃၁–၅–၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။